# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့် ၊ စနေနေ့ ၊ (24-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သာယာဝတီခရိုင်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဖူးမြော်ကြည်ညို

စာမျက်နှာ - ၁၆

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဂျူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞

## ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ ရေခဲတောင်ဒေသ နောင်မွန်ရေိယာ၌သာတည်ရှိသည့် ဖက်ချေနို့တိုက်သတ္တဝါရှင်သန်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၈၀၀ အမြင့်တွင် တည်ရှိသည့် ရေခဲတောင်ဒေသ နောင်မွန်မြို့နယ်ဧရိယာ၌ ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်း၌သာ ကျက်စားလျက်ရှိသည့် ဖက်ချေ (Leaf Deer or Leaf Muntjac)နို့တိုက်သတ္တဝါရှင်သန်လျက်ရှိကြောင်း ခါကာဘိုရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်တို့သည် ရေခဲတောင်ဂေဟစနစ်များဖြင့် ဖွဲ့စည်းတည်ရှိလျက်ရှိပြီး ရေခဲတောင်တောရိုင်းတိရစ္ဆာန်များ၊ ငှက်နေငှက်များ၊ ရေခဲငါးများ၊ ဆေးဖက်ဝင်အပင်နှင့်ဥများ၊သစ်ခွမျိုးစုံနှင့် ခရီးတစ်ထောက် ဝင်ရောက်နားခိုလေ့ရှိသည့် ဆောင်းခိုငှက်တို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်လျက်ရှိရာ အာဆီယံနိုင်ငံများအကြား၌ ဂေဟစနစ်တွင် အရေးပါသော ရေခဲတောင်ဒေသအဖြစ် ထင်ရှားလျက်ရှိသည်။ ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်သည် အိန္ဒိယနိုင်ငံ ရေခဲဖုံးလွှမ်းရာဒေသနှင့်လည်းကောင်း၊ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် **စာမျက်နှာ ၁၆ ကော်လံ ၁** ❑






ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# စည်းလုံးညီညာ ဩဝါဒပါတိမောက် အခါတော်မင်္ဂလာ

တပို့တွဲလသည် ဆောင်းဥတုနှောင်းပိုင်း ချမ်းအေးလှသောကာလဖြစ်သည်။ ရှေးအခါက တပို့တွဲလတွင် ချမ်းအေးလှသောကြောင့် အအေးဓာတ်ကိုကာကွယ်ရန် ဘုရားရှင်ကိုယ်တော်တိုင် မီးအိုးကင်း၌ မီးရှိန်ခံတော်မူခဲ့သည်ဟု သိမှတ်ခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အများစုသည် တပို့တွဲလတွင် မီးကုသိုလ်ပြုပွဲ (မီးပုံထင်းပွဲ) အလှူများကို ယနေ့တိုင် ဘုရား၊ စေတီပုထိုးများ၌ ပူဇော်လှူဒါန်းကြမြဲဖြစ်သည်။

ထိုသို့ မီးကုသိုလ်ပြုပွဲကို ရာသီဥတုနှင့်လိုက်ဖက်စွာ ကုသိုလ်ပြုကြသည့်နည်းတူ မြန်မာလူမျိုးတို့သည် တပို့တွဲလတွင် ထမနဲပွဲတော်များကို ရိုးရာဓလေ့ပွဲတော်တစ်ခုအဖြစ် စည်းစည်းလုံးလုံး စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် ကျင်းပနေဆဲဖြစ်သည်။ တပို့တွဲလပြည့်နေ့နံနက်တွင် မြတ်စွာဘုရားအား ထမနဲဆွမ်းတော်ကပ်လှူခြင်း၊ သံဃာတော်များအား ထမနဲနှင့် လှူဖွယ်ပစ္စည်းများစွာ လောင်းလှူကြခြင်း၊ အချင်းချင်းမေတ္တာရှေ့ထား၍ ထမနဲကျွေးမွေးဝေငှခြင်းများ စသည့်ကောင်းမှုမြိုင်မြိုင်ကို တပို့တွဲလ ထမနဲပွဲတော်များကျင်းပကာ ဖော်ဆောင်ကြသည်။ ထမနဲထိုးခြင်းသည် စည်းလုံးညီညွတ်မှုကို ပြဆိုသည့်ပွဲတော်ဖြစ်သည်နှင့်အညီ အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဖော်ဆောင်ခြင်း၊ ရာသီစာဆေးတစ်ပါးအဖြစ် စားသုံးကြခြင်း၊ လှူဒါန်းကြခြင်းတို့ကြောင့် လောကီလောကုတ် နှစ်ဖြာအကျိုးရှိသောပွဲတော်တစ်ခုပင်ဖြစ်သည်။

တပို့တွဲလ၏ မင်္ဂလာအရှိဆုံးအချိန်အခါမှာ ဘုရားအဆူဆူတိုင်း ဟောကြားသော ဩဝါဒပါတိမောက်ဒေသနာတော်ဟောကြားတော်မူရာ တပို့တွဲလပြည့်နေ့ မင်္ဂလာအချိန်အခါဖြစ်ပါသည်။ ထိုသို့ ဟောကြားတော်မူခဲ့ခြင်းကိုအကြောင်းပြု၍ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်များက သတ်မှတ်ခဲ့ကြသည်။

တပို့တွဲလပြည့်နေ့၏ ထူးခြားချက်များအဖြစ် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ် နှစ်ပါး တေဒဂ်ဘွဲ့ထူးရသောနေ့ဖြစ်ခြင်း၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း၊ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ကို ပြတော်မူသောနေ့ဖြစ်ခြင်းတို့သည် တပို့တွဲလပြည့်နေ့၏ ထူးခြားမြင့်မြတ်မှုတို့ဖြစ်ပါသည်။ ထို့ပြင် ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောပြရာတွင်လည်း တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဧဟိဘိက္ခုရဟန်းချည်းသာဖြစ်ခြင်း၊ ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း၊ မည်သူ တစ်ဦးတစ်ယောက်မျှ မပင့်ဖိတ်ရဘဲ အလိုအလျောက်စုဝေးမိခြင်း ဟူသော အင်္ဂါလေးချက်နှင့်ပြည့်စုံမှသာ ဆင်းရဲအလုံးစုံမှလွတ်မြောက်စေသော ဩဝါဒပါတိမောက်ဒေသနာတော်ကို ဘုရားတော်တို့က ဟောပြမြဲဖြစ်ပါသည်။

အပါယ်ဆင်းရဲဘေးမှလွတ်မြောက်စေသော အဆုံးအမဩဝါဒပေးမှုကို ဩဝါဒပါတိမောက်ဟုခေါ်ပါသည်။ ဩဝါဒပါမောက်ဒေသနာတွင် (၁) သည်းခံမှုကျင့်သုံးခြင်း (၂) မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကိုဖြူစင်အောင်ထားခြင်း (၃) ကိုယ်ကျင့်သီလလုံစေခြင်းအကြောင်းတို့ကို သုံးဂါထာအဖြစ် တည်ရှိပါသည်။ ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာပြတော်မူသည်။ အမိန့်အာဏာဖြင့် ပညတ်ထားသော ပါတိမောက်ကိုအာဏာပါတိမောက်ဟုခေါ် သည်။ ဘုရားရှင်ပညတ်ထားသောအကျဉ်းအားဖြင့် ၂၂၇ သွယ်သိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်ရှိသော ပညတ်ချက်တို့သည် အာဏာပါတိမောက်ဖြစ်ပြီး ဘုရားရှင်၏တပည့်ရဟန်းတော်များပြသခွင့်ရှိပါသည်။

ဘုရားရှင်တိုင်း ထပ်ခါထပ်ခါအကြိမ်များစွာ ဟောကြားဆုံးမတော်မူသော ဩဝါဒပါတိမောက်ဒေသနာတော်သည် အပါယ်ဆင်းရဲမှလွတ်ကင်းရာအဆုံးအမကောင်းများဖြစ်ပါသည်။ တပို့တွဲလရာသီ ထမနဲပွဲတော်များကို ပါဝင်ဆင်နွှဲရင်း ဩဝါဒပါတိမောက်ဒေသနာတော်လာအဆုံးအမတို့ကို ရိုရိုသေသေအစဉ်လိုက်နာကျင့်သုံးကြပါက အပါယ်ဆင်းရဲဘေးကင်းကာ မြတ်နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်နိုင်မည်ပင်ဖြစ်ပါကြောင်း မေတ္တာရှေ့ထားရေးသားလိုက်ရပါသည်။

# လာမည့်ဘဏ္ဍာနှစ်တွင် မြို့နယ် ခုနစ်မြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများဝယ်ယူနိုင်ရန် JICA ချေးငွေ ထုတ်ချေးမည်



**မန္တလေး ဖေဖော်ဝါရီ ၂၃**

လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ခုနစ်မြို့နယ်ရှိ တောင်သူများကို JICA (Two Step Loan) ချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ချေးငွေများထုတ်ချေးပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ပူးပေါင်း၍ တောင်သူများ၏ လုပ်ငန်းခွင်များတွင် လျင်မြန်ချောမွေ့ပြီး လုပ်ငန်းများတွင်ကျယ်လာစေရန်အတွက် လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သော ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြား လယ်ယာသုံး စက်ကိရိယာများကို တောင်သူများလိုအပ်သည့် စက်အမျိုးအစားအလိုက် ဝယ်ယူအသုံးပြုနိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေအတွက် လယ်ယာသုံးထွန်စက်ကြီးတွေ ဝယ်ယူနိုင်ဖို့ ထုတ်ချေးပေးသွားမှာပါ။ ဌာနကနေ တောင်သူတွေလိုအပ်တဲ့ ချေးငွေတွေ၊ ထွန်စက်ကြီးတွေ၊ လက်တွန်းထွန်စက်တွေ ဝယ်ယူနိုင်အောင် ချေးငွေတွေကို စဉ်ဆက်မပြတ် ထုတ်ချေးပေးနေပါတယ်။ အတိုးနှုန်းသက်သာစွာနဲ့ ထုတ်ချေးပေးမှာပါ။ တောင်သူတစ်ယောက်ကို အများဆုံး ငွေကျပ် သိန်း ၇၀၀ ထိ ခွင့်ပြုထားပါတယ်။ လာမဲ့ဘဏ္ဍာနှစ်အတွင်းမှာ လယ်ယာသုံးစက်ကိရိယာ ခုနစ်စီးကို ဝယ်ယူအသုံးပြုနိုင်ဖို့အတွက် တင်ပြပေးထားပါတယ်။ တောင်သူတွေ ကြိုက်နှစ်သက်တဲ့ စက်အမျိုးအစားကို ဝယ်ယူအသုံးပြုနိုင်ဖို့အတွက် ထုတ်ချေးပေးသွားမှာပါ"ဟု တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးသွားမည့် မြို့နယ်များမှာ စဉ့်ကူးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့် အရောင်းအဝယ်အေးနေရခြင်းဖြစ်ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေ၊ မြေကွက်အကျယ်မဟုတ်တာ၊ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေအဆောက်အအုံ ဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့မြေအမျိုးအစားဖြစ်နေတာ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့ သူတွေကတော့ အရှုံးပဲ ဖြစ်နေရတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာ မြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက် ရောင်းချမှုများကို စိတ်ဝင်စားမှု မြင့်တက်နေပြီး အမှန်နေထိုင်လိုသူများ အများဆုံး ဝယ်ယူမှုရှိနေကြောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ (၂၀×၄၀)၊ ပေ (၃၀× ၄၀)၊ ပေ (၄၀×၄၀) အကျယ်ရှိ မြေကွက်များကို ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေး ဈေးကွက်အတွင်း ဆီထွက်သီးနှံများနှင့် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေး ဈေးကွက်အတွင်း ဆီထွက်သီးနှံများနှင့် ပဲတီစိမ်း အရောင်းအဝယ် ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း ပြည်ပဈေးကွက်ဝင် ပို့ကုန်များဖြစ်သည့် ဆီထွက်သီးနှံများနှင့် ပဲတီစိမ်းများ အရောင်းအဝယ် ကောင်းနေကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း ဂျပန်နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ရိုးရိုးနှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ မြေပဲလုံးဆန်(S1) တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀၊ မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀၊ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်း တရုတ်ဝယ်လက်တွေ ပြန်လည်ဝယ်ယူနေလို့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ နှမ်း၊ မြေပဲလုံးဆန်၊ ပဲတီစိမ်းတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုချိန်မှာ ဆောင်းပဲတီစိမ်းခရမ်းရွှေဝါတွေနဲ့ ဆောင်းနှမ်းတွေလဲ ဈေးကွက်ထဲကို စတင်ဝင်ရောက်နေပါပြီ။ အရောင်းအဝယ်တွေလဲ ကောင်းပါတယ်။ ဒီနှစ်က ရာသီဥတုကလဲ ကောင်းပြီး သီးနှံတွေလဲအထွက်နှုန်းကောင်းတာကြောင့် တောင်သူတွေ အဆင်ပြေကြပါတယ်"ဟု စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်တင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၁၀၀၀၊ အကျယ် သုံးပေ ခြောက်လက်မ၊ အမြင့် လေးလက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၂ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး အမရပူရမြို့နေ ကျန်ရစ်သူမိသားစုက ဗားကရာကျောင်းနေ ဆရာတော်ဘဒ္ဒန္တကောဝိဒ ညအားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင်ရေလှောင်တမံမှ ယခုနှစ် နွေစပါးနှင့် အခြားသီးနှံ ဧက ၂၈၅၀ အတွက် စိုက်ပျိုးရေများပေးဝေ



**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ ယခုနှစ် နွေစပါးနှင့် အခြားသီးနှံဧက ၂၈၅၀ ကို ယခုလ တတိယပတ်မှစ၍ စိုက်ပျိုးရေများ စတင်ပေးဝေနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြ၍ သိရသည်။

အဆိုပါ နွေသီးနှံစိုက်ဧကများအတွက် မာလဲနတ်တောင်ရေလှောင်တမံအတွင်း ရေမှတ်မှာ ၄၃၈ ဒသမ ၃၆ ပေ၊ ရေသိုလှောင်မှုပမာဏ ၄၁၅၆၄ ဧကပေရှိကြောင်း၊ စိုက်ပျိုးရေအတွက် အသုံးပြုနိုင်သည့်ရေပမာဏမှာ ၃၄၁၅၄ ဧကပေရှိပြီး ပေးနိုင်သည့်ဧကပေကို တွက်ချက်ကာ ၎င်းရေလက်ကျန်ပမာဏပေါ်မူတည်၍ စဉ့်ကူးမြို့နယ်တွင် ယခုနှစ် နွေစပါး ၈၇၉ ဧက၊ နွေနှမ်း ၁၉၇၁ ဧကတို့အတွက် စိုက်ပျိုးရေများ လုံလောက်စွာစတင်ပေးဝေနေကြောင်း သိရသည်။

"တောင်သူတွေအတွက် စိုက်ပျိုးရေတွေ ပြည့်ဝစွာပေးနိုင်အောင် မာလဲနတ်တောင် တူးမြောင်းစနစ်ကို အဆင့်မြှင့်တင်ပြုပြင်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ထားပါတယ်။ ဒီနှစ် နွေသီးနှံတွေအတွက် တမံအတွင်းရှိတဲ့ ရေပေါ်မူတည်ပြီး ရေပေးရတာဖြစ်တာကြောင့် အထူးသဖြင့် မြောင်းအရင်းပိုင်းကို အဓိက ဦးစားပေး ပေးဝေနေတာပါ။ တောင်သူတွေအနေနဲ့ကလဲ ရေကို စနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့လိုပါတယ်။ ဒါမှ ရေတွေ အလေအလွင့်မရှိဘဲနဲ့ တောင်သူတွေအဆင်ပြေပြေ သုံးစွဲနိုင်ကြမှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြသည်။

မာလဲနတ်တောင် ရေလှောင်တမံမှ ရေပေးဝေနိုင်မှုအတွက် စနစ်တကျ အဆင့်မြှင့်တင်ပြီးဖြစ်၍ ဆည်ရေသောက်ဧရိယာအတွင်းရှိ ဧကများအတွက် အပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ၎င်းရေလှောင်တမံမှ တောင်သူများအတွက် မိုးသီးနှံနှင့် နွေသီးနှံတို့ကို အဓိကအနေဖြင့် ပေးဝေနေကြောင်း၊ အဆိုပါ စိုက်ပျိုးရေများကို မာလဲနတ်တောင်၊ လက်ပန်လှ၊ ဝါးရုံကုန်း၊ ရှောက်ပင်ရိုး၊ ခူလယ်၊ ကုက္ကို၊ စဉ့်ကူး(၂)၊ ငွေတောင်နှင့် မင်းရွာ စသည့်ကျေးရွာများတွင် အပြည့်အဝရရှိပြီး စိုက်ပျိုးနေကြကြောင်း သိရသည်။

(၁၈၅)

# စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကသဲကုန်းကျေးရွာအုပ်စု ကသဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကသဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးဆုံးရှုံးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ၌ လမ်းအရှည် ၈၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၃၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ တို့ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၃၉၂၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၃၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင်မှာ စားဖိုဆောင်သီးနှံ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ငရုတ် ၄၇၆ ဧက၊ ကြက်သွန်နီ ၁၇၁၅ ဧက၊ ကြက်သွန်ဖြူ ၉၄၃ ဧက၊ အာလူး ၂၃၄ ဧက၊ တန့်ဆည်မြို့နယ်တွင် ကြက်သွန်နီ ၈၁ ဧက၊ ကြက်သွန်ဖြူ ဧက ၂၀၊ ဒီပဲယင်းမြို့နယ်တွင် ငရုတ် ၃၉၉ ဧက၊ ကြက်သွန်နီ ၃၆ ဧက၊ အာလူး ၁၆ ဧက စုစုပေါင်းဧက ၃၉၂၀ တို့ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန်၊ GAP စိုက်နည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာ အာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၇)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်လွန်ခဲ့တဲ့ ၁၀ ရက်က ဖျားပြီး အဖျားပျောက်တော့ ချောင်းဆိုးကျန်ခဲ့ပါတယ်။ ဆိုပါတဲ့အစာ အကြော်အလှော်တစ်ခုခုစားမိရင် ချက်ချင်းချောင်းဆိုးပါတယ်။ သလိပ်တော့မထွက်ပါ။ အခုနောက်ပိုင်းမှာ အစားအသောက်ဆင်ခြင်ရင် ချောင်းဆိုးတာသက်သာပေမဲ့ ညအိပ်ရာဝင်ချိန်မှာ ချောင်းဆိုးပါတယ်။ အိပ်မပျော်ခင် ချောင်းအဆက်မပြတ်ဆိုးပါတယ်။ ချောင်းဆိုးပျောက်စေမဲ့ ဆေးနည်းတွေ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အဖျားပျောက်ပြီးနောက် ရေကောင်းကောင်းမချိုးရရင် အပူငုပ်ကျန်နေတတ်ပါတယ်။ မနက်စောစောရေချိုးပါ။ ရေမချိုးခင် ရေတစ်ခွက်သောက်ပါ။ ရေမချိုးခင် အုန်းသီးအနု အုန်းစိမ်းရည်သောက်ပေးရင် ပိုကောင်းပါတယ်။ ဆားကိုလှော်ပြီး သံပရာရည်နဲ့ဖျော်လျက်ပေးပါ။ ညအိပ်ရာဝင်ခါနီး ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးရင် အပူတွေ အောက်ကိုဆင်းပြီး ချောင်းဆိုးသက်သာပါတယ်။ ချောက်ရည်သုံးဇွန်း၊ ပျားရည်တစ်ဇွန်းရောပြီး ဖျော်စပ်သောက်ပါ။ အိပ်ခါနီး ရင်ဘတ်နဲ့လည်ပင်းမှာ ပရုတ်ဆီ ဒါမှမဟုတ် မုန်ညင်းဆီကို မီးနွေးပြီး လိမ်းပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့် အသက် ၆၀ ရှိပါပြီ။ နေမကောင်းဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ဆောင်းတွင်း မနက်လမ်းထလျှောက်ရာကနေ အအေးပတ်တယ်ထင်ပါတယ်။ ချောင်းဆိုးပြီးတစ်ခါတစ်ရံ သလိပ်ပါထွက်ပါတယ်။ ညနေပိုင်းဆိုရင် အနည်းငယ်ကိုယ်ပူပြီး စပ်ဖွေ့ဖွေ့ဖျားပါတယ်။ အစားအသောက်တော့မပျက်ပါ။ အထူးကုဆေးခန်း ဆရာဝန်ကြီးပြကြည့်တော့ အဆုတ်ပွပြီး နာတာရှည်အဆုတ်လေပြွန်ရောင်ရောဂါလို့ပြောပါတယ်။ ဆေးလိပ်သောက်သလားမေးပါတယ်။ ကျွန်တော်ငယ်စဉ်က ဆေးလိပ်သောက်ပေမဲ့ အသက် ၄၀ ကျော်တော့ ဆေးလိပ်ဖြတ်ပြီးဖြစ်ပါတယ်။ အဲဒါကြောင့် အဆုတ်လေပြွန်ရောင်ရောဂါဖြစ်သလားတော့ မသိပါ။ ဆေးစစ်တော့ တီဘီရောဂါမရှိဘူးလို့ ပြောပါတယ်။ အဆုတ်အတွက် သင့်တော်မဲ့ မြန်မာဆေးနည်းတွေရှိရင် ပြောပြပေးပါ။**

ဖြေ ။ ။ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါဖြစ်ရင် ကုန်းကန်စွန်းရိုးနီကို မကြာခဏစားပေးပါ။ အဆုတ်ပွတာအတွက် ကုန်းကန်စွန်းရိုးနီက ဆေးဖက်ဝင်ပါတယ်။ အဆုတ်အတွက် ဓာတ်စာလို့လဲ ဆိုနိုင်ပါတယ်။ လောက်သေရွက်ကို ပြုတ်သောက်ရင် ဒါမှမဟုတ် အခြောက်လှန်းပြီး လက်ဖက်ခြောက်လို ရေနွေးခတ်သောက်ရင် နာတာရှည်အဆုတ်ရောဂါတွေသက်သာတယ်လို့ဆိုပါတယ်။ လောက်သေရွက်က ပိုးကိုနိုင်တဲ့အတွက် အဆုတ်ထဲမှာ ခိုအောင်းနေတဲ့ ရောဂါပိုးတွေကို သေစေနိုင်ပါတယ်။ နောက်တစ်ခုကတော့ စာရေးဆရာကြီး မူဝံ ရေးတဲ့ "ပန်းနာ"ဆိုတဲ့ စာအုပ်ထဲက နည်းပါ။ ပန်းနာရောဂါဆိုတာ အဆုတ်ကြောင့်ဖြစ်တာပါ။ ဇော်ဂျီတောင်ဝှေးပင်ဆိုတာရှိပါတယ်။ အထူးသဖြင့် ပန်းခြံတွေမှာ အလှစိုက်ပါတယ်။ဘုရားပန်းရောင်းသူတွေဆီမှာလဲ ဝယ်ယူရရှိနိုင်ပါတယ်။ ဇော်ဂျီတောင်ဝှေးပင်က ဘုရားပန်းအိုးထိုးထားရင် ရေမပြတ်လဲပေးပါက ပန်းအိုးထဲမှာ အမြစ်တွေထွက်လာတတ်ပါတယ်။ အရွက်က အစိမ်းရောင်မှာ အနားကွပ်အနီရောင်ဖြစ်ပါတယ်။ အပင်က တောင်ဝှေးလိုလေးပေ၊ ငါးပေလောက်ထိ ရှည်လျားထောင်မတ်ပေါက်ပါတယ်။ ဇော်ဂျီတောင်ဝှေးပင် အရိုး၊ အရွက်တွေကို



ဆေးဖက်ဝင် ဇော်ဂျီတောင်ဝှေးပင်ကို တွေ့ရစဉ်။

ပြုတ်သောက်ရင်လဲ အဆုတ်ပွရောဂါ၊ ပန်းနာရင်ကျပ်ရောဂါတွေ ပျောက်နိုင်ပါတယ်။ ဆရာကြီးမူဝံကတော့ ငယ်စဉ်ကတည်းက ဖြစ်ခဲ့တဲ့ ပန်းနာရောဂါ၊ ရင်ကျပ်ရောဂါကို ဇော်ဂျီတောင်ဝှေးပင်အရိုးရော အရွက်ပါစဉ်းပြီး ပရဆေးဆိုင်က ဝယ်လို့ရတဲ့ ဒိုဘာလာသကြား ခေါ် မှန်ရောင်သကြားခဲနဲ့ ရောပြုတ်သောက်ခဲ့တာ၊ နေ့စဉ် ရေနွေးကြမ်းသောက်သလိုသောက်ခဲ့တာနဲ့ အနှစ် ၄၀ ကျော်ကြာဖြစ်ခဲ့တဲ့ ပန်းနာရင်ကျပ်ရောဂါ အမြစ်ပြတ်ခဲ့တယ်လို့ ရေးသားထားတာ ဖတ်ရှုရဖူးပါတယ်။ အဆုတ်အတွက် တမာပင်တွေကလဲ အကျိုးပြုပါတယ်။ တမာပင်အောက်မှာ နေထိုင်တာ တမာပင်တန်းကလေကို ရှူရှိုက်တာတွေက အဆုတ်ရောဂါကို ကုသရာရောက်တယ်လို့ အဆိုရှိပါတယ်။ အဆုတ်ပွချောင်းဆိုးသူလူကြီးတွေ ရေချိုးတဲ့အခါ တမာပြုတ်ရည်နဲ့ ရေချိုးရင် အဆုတ်အအေးပတ်တာ သက်သာတယ်လို့ ဆိုပါတယ်။ အဆုတ်ပွသူတွေရဲ့ ရင်ဘတ်နဲ့ နောက်ကျောမှာ မုန်ညင်းဆီကို မီးနဲ့ချက်ပြီးလိမ်းပေးရင်၊ အဓိကကတော့ ညအိပ်ရာဝင်ချိန်မှာလိမ်းပြီးအိပ်ရင် အဆုတ်အအေးပတ်ရောဂါကို သက်သာစေပြီး ချောင်းဆိုးလဲသက်သာစေနိုင်ပါတယ်။ အဆုတ်ပွသူတွေဟာ လေဝင်လေထွက်မကောင်းတဲ့တိုက်ခန်းတွေမှာ မနေသင့်ပါ။ လေကောင်းလေသန့် ရတဲ့နေရာမှာ နေသင့်ပါတယ်။ မနက်ခင်းနေရောင်ခြည်ရတဲ့အချိန်မှာ လမ်းလျှောက်ရင်း နေရောင်ခံပေးပါ။ ရေချိုးတဲ့အခါ နေမြင့်မှချိုးတာ၊ နေရောင်ခြည်ခံပြီးမှချိုးတာ ပိုပြီးကောင်းပါတယ်။ ဆီများတဲ့၊ ချောင်းဆိုးစေတဲ့ အစားအသောက်တွေကို ရှောင်စားပါ။ မီးခိုးငွေ့၊ ဆေးလိပ်ငွေ့တွေ မရှူရှိုက်မိအောင်သတိပြုပါ။ ဖုန်ထူတဲ့နေရာ၊ အနံ့အသက်မကောင်းတဲ့ နေရာတွေ သွားလာနေထိုင်တာကို ရှောင်ကြဉ်ပါ။ ရေအေးကို သိပ်မသောက်ဘဲ ရေကျက်အေး ဒါမှမဟုတ် ရေနွေးကိုသာ သောက်ပါ။ အေးတဲ့နေရာမှာနေထိုင်ရင် လေလုံတဲ့အနွေးထည် ဝတ်ထားပါ။ လည်ပင်းနဲ့ အဆုတ် အအေးမပတ်အောင် လည်ပင်းမှာ တဘက် ဒါမှမဟုတ် မာဖလာပတ်ထားရင် အအေးပတ်တာကနေ ကာကွယ်နိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ အခု ဆောင်းအကုန်နွေအကူးမှာ ကျွန်တော်တို့တစ်မိသားစုလုံး ချောင်းဆိုးနေကြပါတယ်။ လျက်ဆားနဲ့ သံပရာသီးကို ဖျော်ပြီးလျက်ရင် ချောင်းဆိုးသက်သာပါတယ်။ ဒါပေမဲ့ အိမ်ကလူကြီးတွေက သွေးတိုးရှိလို့ လျက်ဆားကို မလျက်ရဲကြဘူး။ သွေးတိုးနဲ့လျက်ဆား မတည့်ဘူးလို့ ပြောပါတယ်။ တချို့ကလဲ လျက်ဆားက သံပရာရည်နဲ့ ဖျော်လျက်ရင် သွေးမတိုးဘူးလို့ ပြောကြပါတယ်။ ဘယ်ဟာက အမှန်ပါလဲခင်ဗျာ။ လျက်ဆားကိုလူကြီးတွေ လျက်သင့်ပါသလား။ သွေးမတိုးအောင် ဘယ်လိုလုပ်ရမလဲခင်ဗျာ။**

ဖြေ ။ ။ လျက်ဆားဆိုတာ မြန်မာဆေးကျမ်းအစောင်စောင်မှာပါတဲ့ ရှေးရိုးအစဉ်အဆက် သုံးစွဲလာခဲ့တဲ့ အိမ်သုံးသက်စောင့်ဆေးတစ်မျိုးပါ။ တိုင်းရင်းဆေးသိပ္ပံမှာ ဆရာကြီးတစ်ယောက်က လျက်ဆားကို လျက်ဆားလို့မခေါ်ဘဲ "လျက်ဆေး"လို့ ခေါ်ရမယ်လို့ အမိန့်ရှိဖူးပါတယ်။ အခုနောက်ပိုင်း ရောင်းတမ်းထုတ်လုပ်တဲ့လျက်ဆားတွေမှာ ဆားကိုလှော်ဆားပုပ်အတုမျိုးလုပ်ပြီး ထည့်ကြိတ်လာကြတာ တွေ့ရပါတယ်။ မူရင်းဆေးကျမ်းမှာပါတဲ့ ဆားပုပ်ခဲက တွင်းထွက်ဆားပါ။ ပင်လယ်ထွက်ဆားမဟုတ်ပါဘူး။ ဈေးလဲကြီးပါတယ်။ ပင်လယ်ထွက်ဆားက သွေးတိုးပါတယ်။ လျက်ဆားမှာ သွေးတိုးတာဟာ ဆားကိုလှော်ထားတဲ့ ဆားပုပ်ခဲအတုထည့်လို့ ဖြစ်ပါတယ်။ ဆားပုပ်ခဲမပါတဲ့ လျက်ဆားဆေးနည်းလဲ ရှိပါတယ်။ သွေးတိုးရှိတဲ့သူတွေ သုံးဆောင်နိုင်တဲ့ လျက်ဆားဖော်နည်းကို တင်ပြပေးပါမယ်။ အဲဒီလျက်ဆားက သလိပ်ကိုလဲ ပျော်စေနိုင်ပါတယ်။ သလိပ်ပျော်လျက်ဆားဆေးနည်းမှာ (၁) စမုန်မျိုးငါးပါး လေးပဲစီ ၁ ကျပ် ၈ ပဲသား၊ (၂) ကပ်မျိုးငါးပါး ၄ ပဲစီ ၁ ကျပ် ၈ ပဲသား၊ (၃) လေးညှင်းပွင့် ၈ ပဲသား၊ (၄) ကျောက်ချဉ် ၈ ပဲသား၊ (၅) နွယ်ချို ၁ ကျပ် ၈ ပဲသား၊ (၆) ပရုတ် ၂ ကျပ် ၈ ပဲသား၊ (၇) ဇဝက်သာ ၂ ကျပ်သား၊ (၈) ဖုံးမသိန် ၃ ကျပ်သား၊ (၉) သိန္ဓော ၁၃ ကျပ်သား။ အဲဒီဆေးအမည်အားလုံးကို စုပြီးအမှုန့်ပြုပါ။ လေလုံအောင်ထားပြီး မကြာခဏလျက်ပေးရင် လည်ချောင်းထဲကနေ ချွဲသလိပ်တွေထွက်ကျလာစေနိုင်ပါတယ်။ မိသားစုတစ်စုလုံး ကလေးကော လူကြီးပါ နွေ၊ မိုး၊ ဆောင်းအသုံးပြုနိုင်တဲ့ လျက်ဆေးနည်းကောင်းဖြစ်ပါတယ်။ (မြိုင်နန္ဒသာ ဆေးမြီးတိုကျမ်း၊ ၁၉၅၆ ခုနှစ်ထုတ်မှ)

**မေး ။ ။ ဆရာကြီး ဦးပဥ္စင်းချောင်းဆိုးပြီး သလိပ်ကပ်နေပါတယ်။ သလိပ်ထွက်ရင် ချောင်းဆိုးသက်သာပါတယ်။ လွယ်လွယ်နဲ့ သလိပ်ထွက်အောင် ဘာဆေးတွေ သုံးစွဲရမလဲဆိုတာ သိလိုပါတယ်။ သလိပ်ထွက်စေမဲ့ အစားအစာဓာတ်စာလဲ သိလိုပါတယ်။**

ဖြေ ။ ။ သလိပ်ရစေဖို့ ပရဆေးဆိုင်တွေမှာ မက်လင်ချဉ်လျက်ဆားဆိုပြီး မေးဝယ်ရင် ရပါတယ်။ အစိုးရတိုင်းရင်းဆေးခန်းတွေမှာတော့ ဆေးခန်းသုံး ဆေးအမှတ်(၁) သေမှပုတိက ခေါ် သလိပ်ပုပ်နိုင်ဆေးလို့မေးပြီး တောင်းယူရရှိနိုင်ပါတယ်။ အရင်က ဆေးဝါးထုတ်လုပ်ရေးစက်ရုံ ဘီပီအိုင်ကလဲ မက်လင်ချဉ်ဆေးဆိုပြီး ငုံလို့ရတဲ့ဆေးပြားတွေ ထုတ်လုပ်ရောင်းချဖူးပါတယ်။ တကယ်လို့ မြို့နဲ့ဝေးတဲ့ တောကျောင်းဖြစ်လို့ လျက်ဆားဝယ်မရရင် အိမ်သုံးဆားကို ကွမ်းရွက်နဲ့ထုပ်မီးဖုတ်ပြီး ဆားမီးဖုတ်ကို သံပရာရည်နဲ့ ဖျော်လျက်ပေးပါ။ သလိပ်ထွက်စေနိုင်ပါတယ်။ သလိပ်ရစေနိုင်မဲ့ အစားအစာ ဓာတ်စာက ဖီးကြမ်းငှက်ပျောသီးကို များများစားပေးပါ။ ဖီးကြမ်းငှက်ပျောသီးကို အပြင်ခွံအနည်းငယ်ညှိသွားအောင် မီးဖုတ်ပြီးစားရင်လဲ သလိပ်ပျော်ဖို့အတွက်၊ ရင်ကျပ်ချောင်းဆိုးအတွက် ကောင်းတဲ့ဓာတ်စာဖြစ်ပါတယ်။ အခြားသလိပ်ပျော်စေနိုင်တဲ့ နည်းလမ်းတွေကတော့ သိန္ဓောဆား၊ ဇဝက်သာ၊ ပတဲကော တစ်ကျပ်သားစီကို နွယ်ချိုသုံးကျပ်သားနဲ့ရောကြိတ်ပြီး အမှုန့်ပြုလုပ်လျက်ပေးပါ။ တစ်နည်း ချင်းပါးပါးလှီး ခုနစ်လွှာ၊ ကွမ်းရွက်သုံးရွက်၊ ထန်းလျက်ငါးခဲကို ရေနွေးမတ်ခွက်တစ်လုံးစာမှာထည့်ရောကျိုပြီး ဆူလာတဲ့အခါ ဆားလှော်အနည်းငယ်ထည့်သောက်ရင် သလိပ်ကပ်ရောဂါ၊ အဖျားနဲ့တွဲပြီးဖြစ်တဲ့ချောင်းဆိုးရောဂါတွေ ပျောက်စေပါတယ်။ ဓာတ်စာအနေနဲ့ တောင်အော်ရွက်၊ လဲလူရွက်၊ ဥသျှစ်ရွက်တွေကို ဟင်းချိုချက်သောက်ပါ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

---

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံ ၄၈၈၅ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံ ၄၈၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။



မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံ ၄၈၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားပိုဆောင်းသီးနှံများ အပါအဝင် ဆောင်းသီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့်ဌာနများနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အနေနဲ့ စားပိုဆောင်းသီးနှံ ၄၈၈၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စားပိုဆောင်းသီးနှံကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ သီးနှံအမျိုးအစားတွေကို အဓိကစိုက်ပျိုးထားပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားပိုဆောင်းသီးနှံ ၄၈၈၅ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ စားပိုဆောင်းသီးနှံများတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သခွား၊ သဘော်၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

# မိုင်းကိုင်မြို့နယ် လွယ်လိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းကိုင် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ဆင်(ရှေ့)ကျေးရွာအုပ်စု လွယ်လိုင်ကျေးရွာနှင့် ကွန်ပန်ကျေးရွာအတွက် ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက လွယ်လိုင်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းက လွယ်လိုင်ကျေးရွာနှင့် ကွန်ပန်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွယ်လိုင်ကျေးရွာနှင့် ကွန်ပန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၇၁ ဦးကို ငွေကျပ် ၅၈၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

---

## နိုးကြားရှင်သန် အမာခံ

\- အမိန့်ကို နာခံတတ်
စိတ်ဓာတ်က စိန်ကျောက်ပမာ၊
ပြည့်သစ္စာ စောင့်သိမြဲ
ဇွဲကခိုင်မာ၊
သတ္တိနဲ့ ဗျတ္တိယှဉ်ကာ
ပြည့်ဝစွာ လေ့ကျင့်သား၊
တိုက်စွမ်းရည် မြင့်မြင့်မား
ဒေါင်ဒေါင်မြည် ပြည်ချစ်သား
စွန့်လွှတ်စွန့်စား။

\- ပြည်ထောင်စု မပြိုကွဲရေး
သက်ပေးလို့ ကာကွယ်မှာ၊
ရန်တကာ အမှုမထား
ကျော်လွှားခါခါ၊
စည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာ
စောင့်စည်းကာ တလေးတစား၊
"ရဲဘော်စိတ်" ခါးဝတ်အလား
တူညီစွာ ဝတ်ဆင်ထား
အသက်ပေး တွယ်တာအား
ပြန်လှန်လေးစား။

\- အကြောင်းစုံ အရွယ်ညောင်းလို့
"မှုထမ်းဟောင်း" အသွင်ယူကာ၊
အရွယ်သာ ညောင်းသော်ငြား
စိတ်အားက မာ၊
ရင့်ကျက်သည့် တွေ့ကြုံများစွာ
ခေတ်မီကာ ဘယ်မဟောင်း၊
မျှဝေကာ စေတနာကောင်း
တိုင်းပြည်ရွာ သာစေကြောင်း
လက်တွဲပူးပေါင်း။

\- တပ်မတော် ဦးဆောင်မှု
ဂရုပြုခံယူပါ၊
လက်တွဲကာ ညီနောင်များနှင့်
စိတ်ထားညီညာ၊
လုံခြုံမှု ကာကွယ်စရာ
စုစည်းကာ ကျစ်လျစ်ထား၊
အမာခံ အရန်အင်အား
မျိုးချစ်စိတ် နှလုံးသား
ရှင်သန်နိုးကြား။ ။

**ကျော်စောဟန်**

(စစ်ပြန်စစ်မှုထမ်းဟောင်းများကို လေးစားစွာ ဂုဏ်ပြုလျက်)

---


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# SCIENCE AND TECHNOLOGY

## Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ် ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ် လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ၁၉၇၂ ခုနှစ်နောက်ပိုင်း လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး အမေရိကန် လဆင်းယာဉ်ဖြစ်သည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက် ဆင်းသက်မှု အောင်မြင်ခဲ့ခြင်းကြောင့် အိုဒက်ဆပ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးပုဂ္ဂလိက လဆင်းယာဉ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အိုဒက်ဆပ် လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပင်မဒုံးအင်ဂျင်ကို ၁၁ မိနစ်ကြာဖွင့်ပြီးနောက် လကမ္ဘာတောင်ဝင်ရိုးစွန်း ဥက္ကာချိုင့်ဝှမ်း အနားစွန်းတွင် ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လမျက်နှာပြင်ပေါ်သို့ နောက်ဆုံးဆင်းသက်ခဲ့သည့် အမေရိကန် လဆင်းယာဉ်မှာ အပိုလို-၁၇ လဆင်းယာဉ်ဖြစ်ပြီး ၁၉၇၂ ခုနှစ် ဒီဇင်ဘာလတွင် ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

Intuitive Machines ကုမ္ပဏီသည် အိုဒက်ဆပ်လဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အရွယ်အစားအသေးငယ်ဆုံးကြယ်ကို တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ပေကျင်း ဖေဖော်ဝါရီ ၂၃**

ယနေ့ထိ ရှာဖွေတွေ့ရှိထားသမျှ ကြယ်များအနက် အရွယ်အစား အသေးငယ်ဆုံးကြယ်ကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။


J 0526 B အမည်ရှိ အဆိုပါ ကြယ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၇၆၀ အကွာရှိ နှစ်စင်းတွဲကြယ်စနစ်အတွင်း တည်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

J 0526 B ကြယ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေအရွယ်အစားထက် ခုနစ်ဆပိုကြီးမားရာ စနေဂြိုဟ်ထက် ပိုသေးငယ်သည့် ကြယ်တစ်စင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

J 0526 B ကြယ်သည် အရွယ်အစားပိုကြီးမားသည့် J 0526 A အမည်ရှိကြယ်ကို မိနစ် ၂၀ လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း သိရသည်။

ထို့ပြင် J 0526 B ကြယ်၏ မျက်နှာပြင်အပူချိန်မှာ ၂၂၂၆ ဒီဂရီဆဲလ်စီယပ်စ်ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

J 0526 B ကြယ်ကို ရှာဖွေတွေ့ရှိခဲ့မှုသည် ကြယ်များ၏အရွယ်အစား၊ သဘာဝတို့နှင့် ပတ်သက်သည့် သီအိုရီများကို စိန်ခေါ်နေကြောင်း သိရသည်။



**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို ဗင်ဒန်ဘာ့ဂ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို ယနေ့တွင် ဗင်ဒန်ဘာ့ဂ်ဂြိုဟ်တုလွှတ်တင်ရေး စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။



အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်သွားသော စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက် မစ်ရှင်သည် Space-X အာကာသ နည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၁၇ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည်၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု ၅၅၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အစားအသောက်ရွေးချယ်စားသုံးမှုပုံစံက အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာအပေါ်အကျိုးရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၃**

လူတစ်ဦးချင်းစီ၏ အစားအသောက် ရွေးချယ်စားသုံးမှုပုံစံသည် အိပ်စက်ချိန်လေပြွန်လမ်းကြောင်း ပိတ်ဆို့မှုပြဿနာအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ ဖလင်ဒါးစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လုံးတီးကောက်နှံများကို အဓိက စားသုံးသူများ၌ အိပ်စက်ချိန် လေပြွန်လမ်းကြောင်း ပိတ်ဆို့မှုပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက်နည်းပါးကြောင်း သိရသည်။

သို့ရာတွင် အသားငါး အစားများသူများ သို့မဟုတ် သကြား၊ ကာဘိုဟိုက်ဒရိတ်နှင့် ဆားပါဝင်မှုမြင့်မားသည့် အစားအစာများကို စားသုံးသူများတွင်မူ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ ပေါ်လာနိုင်ခြေမှာ ပုံမှန်ထက်ပိုမြင့်မားနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea) ရှိနေသူများသည် အိပ်စက်ချိန်တွင် ဟောက်သံ ပေါ်ထွက်တတ်ပြီး လေပြွန်လမ်းကြောင်း ပိတ်ဆို့မှုကြောင့် လန့်နိုးလာတတ်သည်။

ဩစတြေးလျသုတေသနပညာရှင်များသည် လူပေါင်း ၁၄၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Sleep Apnea ပြဿနာကြောင့် သွေးဖိအားပုံမှန်ထက်မြင့်တက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေ၊ နှလုံးရောဂါဖြစ်နိုင်ခြေနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေတို့မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကျန်းမာရေးနှင့်ညီညွတ်သောဘဝနေထိုင်မှုပုံစံ ကျင့်သုံးသူများ IBS ပြဿနာပေါ်နိုင်ခြေကျဆင်း

**ပေကျင်း ဖေဖော်ဝါရီ ၂၃**

ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံကို ကျင့်သုံးသူများတွင် အူမကြီးရောင်ရမ်းနာရောဂါ (IBS) ပြဿနာ ပေါ်လာနိုင်ခြေ ကျဆင်းလာနိုင်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများကို ပိုမိုကျင့်သုံးလေလေ IBS ပြဿနာပေါ်လာနိုင်ခြေ ပိုမိုကျဆင်းလာလေလေဖြစ်ကြောင်း တရုတ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်မသောက်ခြင်း၊ လေ့ကျင့်ခန်းများပုံမှန်ပြုလုပ်ခြင်း၊ အိပ်စက်ချိန် လုံလုံလောက်လောက်ရယူခြင်းကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော ဘဝနေထိုင်မှုပုံစံများသည် IBS ပြဿနာကို တားဆီးနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများသည် IBS ရောဂါလက္ခဏာများကို ထိန်းချုပ်ရာတွင် အထောက်အကူပြုနိုင်သကဲ့သို့ IBS ပြဿနာကို တားဆီးရာတွင်လည်း အထောက်အကူပြုကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၆၄၀၀၀ တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

IBS ပြဿနာသည် ကမ္ဘာပေါ်၌ လူ ၁၀ ဦးလျှင် တစ်ဦးခံစားနေရသည့် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

ML

**ဝုဗ် Vs ရှက်ဖီးလ်(U)**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရှက်ဖီးလ်(U) ၂ - ၁ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | – | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ရှက်ဖီးလ်(U) | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

ဝုဗ်အသင်းဟာ အဓိကတိုက်စစ်မှူးဟီချန်ဝမ် ပါဝင်လာပြီးနောက်ပိုင်း တိုက်စစ်ကစားပုံထက်မြက်လာတာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာ စပါးကိုအနိုင်ရခဲ့တာဖြစ်ပါတယ်။ ရှက်ဖီးလ်(U)ကတော့ ဒဏ်ရာရကစားသမားများနေသလို အရန်ကစားသမားအင်အားမရှိတာကြောင့်လဲ တန်းဆင်းဇုန်က ရုန်းထွက်ဖို့မဖြစ်နိုင်တော့ဘဲ ပြိုင်ပွဲတိုင်ပေးဂိုးများနေတာကို တွေ့ရမှာပါ။ ဒါကြောင့် ပုံမှန်ခြေစွမ်းပြနေတဲ့ ဝုဗ်အသင်းပဲ နိုင်ပွဲဆက်အုံးမှာပါ။

**အင်တာနက်ခန့်မှန်း – ဝုဗ် ၂ – ၁ ရှက်ဖီးလ်(U)**

## အီတလီစီးရီးအေ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

ML

**ကက်ဂလီယာရီ Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နာပိုလီ ၂ – ၁ ကက်ဂလီယာရီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| နာပိုလီ | – | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(သရေ) |

ကက်ဂလီယာရီကတော့ အသင်းလိုက်ကစားအားကျဆင်းနေတာကြောင့် ပြိုင်ပွဲစုံရှုံးပွဲကြုံခဲ့ပြီး ခံစစ်ကပေးဂိုးများနေတာကိုတွေ့ရမှာပါ။ နာပိုလီအနေနဲ့ ရလဒ်ဆိုးတွေကြောင့် နည်းပြမာဇာရီကို ထုတ်ပယ်ခဲ့ပြီး နည်းပြသစ်လက်ထက် ကက်ဂလီယာလိုအသင်းငယ်နဲ့တွေ့ချိန်မှာ ဂိုးပြတ်နိုင်ပွဲရှာမှာဖြစ်ပါတယ်။ ဒါကြောင့် ကစားသမားအင်အားသာလွန်တဲ့ နာပိုလီနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ကက်ဂလီယာရီ ၁ – ၃ နာပိုလီ**

**ဂျူဗင်တပ် Vs ဖရိုစီဝမ်း**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၀၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၄ – ၀ ဖရိုစီဝမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဖရိုစီဝမ်း | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နောက်ဆုံးလေးပွဲဆက်နိုင်ပွဲမရခဲ့တဲ့ ဂျူဗင်တပ်ဟာ အခုပွဲစဉ်ကို အနိုင်ရမှ ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ အခွင့်အရေးရမှာဖြစ်လို့ နိုင်ပွဲရဖို့ တိုက်စစ်မြှင့်ကစားလာမှာသေချာပါတယ်။ ဖရိုစီဝမ်းကတော့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အပြင် ကစားသမားစုဖွဲ့မှုကလဲ ဂျူဗင်တပ်ကိုယှဉ်မရတာကြောင့် အခုပွဲစဉ်မှာ ဂိုးပြတ်မရှုံးဖို့သာ ထပ်မံကြိုးစားရမှာပါ။ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဂျူဗင်တပ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂျူဗင်တပ် ၃ – ၁ ဖရိုစီဝမ်း**

### အားကစားသတင်း အတိုအထွာများ

- မန်စီးတီးအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် နည်းပြဂွါဒီယိုလာက ၎င်းအနေဖြင့် နည်းပြဘဝမှအနားမယူမီ နိုင်ငံလက်ရွေးစင်အသင်းကို နည်းပြအဖြစ်တာဝန်ထမ်းဆောင်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်း ပိုင်ရှင်သစ် ရက်ကလစ်ဖ်က နည်းပြတန်ဟက်၏ အနာဂတ်အတွက် ဆုံးဖြတ်ချက်မချသေးဘဲ ယခုနှစ်ဘောလုံးရာသီအကုန်ထိ စောင့်ကြည့်သွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ဖီရင်နအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့သည့် ရိုးမားအသင်း ယူရိုပါလိဂ် ၁၆ သင်းရှုံးထွက်အဆင့်သို့တက်ရောက်




**ရောမ ဖေဖော်ဝါရီ ၂၃**

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ရိုးမားအသင်းနှင့် ဖီရင်နအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရိုးမားအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

ပထမအကျော့ပွဲစဉ်တွင် ရိုးမားအသင်းအနေဖြင့် ဖီရင်နအသင်း အိမ်ကွင်းတွင် တစ်ဂိုးစီသရေရလဒ် ကစားနိုင်ခဲ့သဖြင့် ယခုအိမ်ကွင်းပွဲစဉ်တွင် အသာစီးဖြင့်ကစားရသော်လည်း ပွဲအစ ငါးမိနစ်တွင် ဖီရင်နအသင်းကို ဦးဆောင်ဂိုးခွင့်ပြုခဲ့ရသဖြင့် ချေပဂိုးရရှိရန်တိုက်စစ်မြှင့်ကစားခဲ့ရပြီး ပွဲကစားချိန် ၁၅ မိနစ်တွင် ချေပဂိုးပြန်လည်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲကိုထိန်းချုပ်ကစားခဲ့သဖြင့် တစ်ဖက်နှင့်တစ်ဖက်ဂိုးမရဘဲ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ရိုးမားနှင့်ဖီရင်နအသင်းတို့သည် နှစ်ကျော့ပေါင်း နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေသဖြင့် အချိန်ပိုဆက်လက် ကစားခဲ့ရသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဘောလုံးပိုင်ဆိုင်မှု အသားပေးကစားနေသောကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရကာ ပင်နယ်တီတွင် ရိုးမားအသင်းက တစ်ကြိမ်သာလွဲချော်ခဲ့သော်လည်း ဖီရင်နအသင်းကနှစ်ကြိမ်ထိ လွဲချော်ခဲ့သဖြင့် လေးဂိုး နှစ်ဂိုးဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

အခြားပွဲစဉ်များတွင် ဖရိုင်းဗတ်အသင်းက လန်းအသင်းကို အချိန်ပိုသွင်းဂိုးဖြင့်လည်းကောင်း၊ ကွာရာဘတ်အသင်းက ဘရာဂါအသင်းကို အချိန်ပိုဖြင့်လည်းကောင်း၊ အေစီမီလန်အသင်းက ရင်းနက်အသင်းကို နှစ်ကျော့ပေါင်း ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ ဘင်ဖီကာအသင်းက တူးလော့အသင်းကို နှစ်ကျော့ပေါင်း နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မာဆေးအသင်းက ရှက်တာဒိုးနက်အသင်းကို နှစ်ကျော့ပေါင်း ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊စပါတာပရက်အသင်းက ဂါလာတာစာရေးအသင်းကို နှစ်ကျော့ပေါင်း ခြောက်ဂိုး လေးဂိုးဖြင့်လည်းကောင်း၊ စပို့တင်းအသင်းက ယန်းဘွိုင်းအသင်းကို နှစ်ကျော့ပေါင်း လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့ပြီး ၁၆ သင်းရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# ကစားသမားဘဝမှအနားယူထားသည့် မန်စီးတီးအသင်းကစားသမားဟောင်း အဂွေရိုက ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန်ပြင်ဆင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၃**

နှလုံးပြဿနာကြောင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူထားသည့် မန်စီးတီးအသင်းကစားသမားဟောင်း အဂွေရိုသည် လက်ရှိတွင်ရောဂါပြန်လည်သက်သာနေသည့်အတွက် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ အဂွေရိုသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို အာဂျင်တီးနားကလပ် အင်ဒီပန့်ဒက်အသင်းနှင့် ၂၀၀၃ ခုနှစ်ကစတင်ခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်က အေတီကိုအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ၂၀၁၁ ခုနှစ်တွင် မန်စီးတီးအသင်းသို့ထပ်မံပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အဂွေရိုသည် မန်စီးတီးအသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ဆယ်စုနှစ်တစ်ခုကြာ ကစားခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၃၉၀ ထိ ကစားခဲ့ကာ သွင်းဂိုး ၂၆၀ ထိ သွင်းယူနိုင်ခဲ့ပြီး အသင်း၏သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိကာ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သဖြင့် အသင်း၏ ဂန္ထဝင်ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

အဂွေရိုသည် မန်စီးတီးအသင်းနှင့် ၂၀၂၁ ခုနှစ်က လမ်းခွဲခဲ့ပြီးနောက် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထပ်မံပြောင်းရွှေ့ခဲ့သော်လည်း အသင်းတွင် ကစားခွင့်အနည်းငယ်သာရရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် နှလုံးပြဿနာကြောင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

သို့သော် လက်ရှိတွင် ရောဂါပြန်လည်ကောင်းမွန်လာပြီဖြစ်သည့်အတွက် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိကြောင်း ၎င်းကိုဆေးကုသမှုများပြုလုပ်ပေးနေသည့် ဆေးကုသရေးအဖွဲ့က အတည်ပြုပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : STA




# ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ကင်မရွှန်းနော်ရီ တက်ရောက်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၃**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင်ကျင်းပနေသည့် ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် လက်ရှိချန်ပီယံ ဗြိတိန်တင်းနစ်ကစားသမား ကင်မရွှန်းနော်ရီနှင့် ချီလီတင်းနစ်ကစားသမား မာဆယ်လိုသောမတ်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွှန်းနော်ရီက (၆-၁၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကင်မရွှန်းနော်ရီသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်မည့် လက်စွမ်းမျိုးလည်း ပြသထားနိုင်ပြီး ပြတ်သားသည့် ရလဒ်များဖြင့် မာဆယ်လိုသောမတ်စ်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကင်မရွှန်းနော်ရီက "သီယာဂိုဟာ ကစားသမားကောင်း တစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တယ်ဆိုပေမဲ့ ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတုန်းက ရှုံးလက်ဖ်ကို ပထမအဆင့်မှာ အနိုင်ကစားနိုင်ခဲ့တဲ့ သူ့စွမ်းဆောင်ရည်ကိုသတိပြုမိတာကြာပါပြီ။ သီယာဂိုဟာ ထိပ်တန်းကစားသမားတစ်ယောက်ဖြစ်လာလိမ့်မယ်လို့လဲ ကျွန်တော်ထင်တယ်။ ကျွန်တော့်အနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်တဲ့ ကစားသမားတစ်ယောက်ဖြစ်ခွင့်ရချင်ပါတယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်အောင်လဲ အကောင်းဆုံးကြိုးစားကစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ကင်မရွှန်းနော်ရီသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘရာဇီးတင်းနစ်ကစားသမား သီယာဂိုဆေးဘုန်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး သီယာဂိုဆေးဘုန်းသည် ဒုတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမားမူနာနှင့် ယှဉ်ပြိုင်ကစားခဲ့ကာ သီယာဂိုဆေးဘုန်းက (၆-၂၊ ၄-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာသူ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ယူရိုပါလိဂ်ပြိုင်ပွဲ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် အူဘာမီယန်း မှတ်တမ်းဝင်




**ပဲရစ် ဖေဖော်ဝါရီ ၂၃**

ယူရိုပါလိဂ်ပြိုင်ပွဲ ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် မာဆေးအသင်းက ရှက်တာဒိုးနက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး တိုက်စစ်မှူးအူဘာမီယန်းက အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ယူရိုပါလိဂ် သွင်းဂိုး ၃၁ ဂိုးရှိလာခဲ့ပြီး သမိုင်းတစ်လျှောက် ဂိုးအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယူရိုပါလိဂ်သမိုင်းတွင် မန်ယူအသင်းတိုက်စစ်မှူးဟောင်းဖယ်ကာအိုက ၂၀၀၉ ခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၃၀ ဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသော်လည်း ယခုပွဲစဉ်တွင် အူဘာမီယန်းက မာဆေးအသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယူရိုပါလိဂ်တွင် စုစုပေါင်း သွင်းဂိုး ၃၁ ဂိုးထိရှိလာခဲ့ပြီး ဖယ်ကာအို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သကဲ့သို့ ယခုနှစ်ပြိုင်ပွဲတွင်လည်း သွင်းဂိုး ခုနစ်ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့သည်။

တိုက်စစ်မှူးအူဘာမီယန်းသည် ကစားသမားဘဝတစ်လျှောက် ယူရိုပါလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းနှင့် ၁၄ ဂိုး၊ ဒေါ့မွန်အသင်းနှင့် ရှစ်ဂိုး၊ ဘာစီလိုနာအသင်းနှင့် နှစ်ဂိုး၊ မာဆေးအသင်းနှင့် ခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့ပြီး စုစုပေါင်း သွင်းဂိုး ၃၁ ဂိုးထိရှိခဲ့သောကြောင့် ယူရိုပါလိဂ်သမိုင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အူဘာမီယန်းသည် ယခုနှစ် ဘောလုံးရာသီ မာဆေးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပုံစံကောင်း ပြသနိုင်ခဲ့ရာ ပြိုင်ပွဲစုံ ၃၃ ပွဲတွင် သွင်းဂိုး ၁၆ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ အသင်းအနေဖြင့် ပုံစံကောင်း ပျောက်ဆုံးခဲ့သော်လည်း ၎င်း၏ခြေစွမ်းဖြင့် ပါဝင်ကူညီပေးနိုင်ခဲ့သဖြင့် ယခုပွဲစဉ်တွင် ရှက်တာဒိုးနက်အသင်းကို နှစ်ကျော့ပေါင်း ငါးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့ပြီး ယူရိုပါလိဂ် ၁၆ သင်းအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ရန် လီဗာပူးအသင်း အလားအလာကောင်းလျက်ရှိ

**ဇူးရစ် ဖေဖော်ဝါရီ ၂၃**

ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်များအတွက် မဲခွဲမှုအပြီးတွင် ချန်ပီယံဆုအတွက် ရေပန်းစားနေသည့် လီဗာပူးအသင်း ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ရန် အလားအလာကောင်းများပိုင်ဆိုင်နေသည်။

ယခုနှစ် ဘောလုံးရာသီတွင် ပုံစံပြောင်းလဲခဲ့သည့် စနစ်သစ်အရ ယူရိုပါလိဂ်ပြိုင်ပွဲတွင် အုပ်စုပထမရရှိသည့် အသင်းများအနေဖြင့် ၁၆ သင်းရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ပြီး အုပ်စုဒုတိယအသင်းများအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုတတိယအသင်းများနှင့်ရှုံးထွက်အဆင့် ကစားပြီးမှ နောက်တစ်ဆင့် တက်ရောက်ခွင့်ရခဲ့သည်။

ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်များအတွက် မဲခွဲမှုအပြီးတွင် စပါတာပရပ်အသင်းနှင့် လီဗာပူးအသင်း၊ မာဆေးအသင်းနှင့် ဗီလာရီးရဲလ်အသင်း၊ ရိုးမားအသင်းနှင့် ဘရိုက်တန်အသင်း၊ ဘင်ဖီကာအသင်းနှင့် ရိန်းဂျားအသင်း၊ ဖရိုင်းဘတ်အသင်းနှင့် ဝက်စ်ဟမ်းအသင်း၊ စပို့တင်းလစ္စဘွန်းအသင်းနှင့် အတ္တလန္တာအသင်း၊ အေစီမီလန်အသင်းနှင့် ဆလားဗီးယားပရပ်အသင်း၊ ကွာရာဘတ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ တွေ့ဆုံခဲ့ကြရာ လီဗာပူးအသင်းအနေဖြင့် ကွာတားဖိုင်နယ် တက်ရောက်ရန် အလားအလာကောင်းလျက်ရှိသည်။

ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်များကို လာမည့် မတ် ၇ ရက်နှင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၄ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အဲရစ်ဗန်ရိုယန် ဦးဆောင်




**မက္ကဆီကို ဖေဖော်ဝါရီ ၂၃**

မက္ကဆီကိုနိုင်ငံ ဗယ်လာတာမြို့တွင်ကျင်းပနေသည့် Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် တောင်အာဖရိကဂေါက်သီးရိုက်ကစားသမား အဲရစ်ဗန်ရိုယန်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဖင်လန်ဂေါက်သီးရိုက်ကစားသမား ဗာလီမာကီက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား လစ်စကိုင်း အပါအဝင် ပြိုင်ပွဲဝင် လေးဦးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကင်မရွှန်းယန်း၊ အာရွှန်ရိုင်၊ ဟော့ဂတ်တို့မှာ ပထမနေ့တွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ကြရသည်။

လက်ရှိချန်ပီယံ အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့သည်လည်း ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ T29 နေရာ၌သာရပ်တည်နိုင်ခဲ့သည်။

အဲရစ်ဗန်ရိုယန်က "လေတိုက်နှုန်းတွေပြင်းထန်ခဲ့ပေမဲ့လဲ အများအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့တယ်။ Birdies ရိုက်ချက် ငါးကျင်းရခဲ့လို့လဲ အမှတ်ပေးဇယားရပ်တည်မှုကောင်းမွန်ခဲ့ပါတယ်။ အကောင်းဆုံးကတော့ ၁၂ ကျင်းမြောက်မှာ ပေ ၇၀ အကွာကနေ ကျင်းဝင်အောင်ရိုက်နိုင်ခဲ့တဲ့အတွက် အခုလိုရလဒ်ကောင်းခဲ့တယ်လို့ ကျွန်တော်ထင်တယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းက ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်ခဲ့ရတဲ့အတွက် ပြိုင်ပွဲသိပ်မဝင်ဖြစ်ခဲ့သလို လေ့ကျင့်ပြင်ဆင်မှုတွေလဲ ကောင်းကောင်း မလုပ်နိုင်ခဲ့ဘူး။ အခုတော့ ဒဏ်ရာကင်းစင်ပြီး ကျန်းမာရေး အခြေအနေကလဲ အကောင်းဆုံးမှာ ရှိနေတဲ့အတွက် ပြင်ဆင် လေ့ကျင့်မှုတွေအတွက် အချိန်ပေးဖြစ်ခဲ့တယ်။ ရှေ့လျှောက်ဒီထက်ပိုကောင်းအောင်ကစားနိုင်မယ်လို့လဲ ယုံကြည်မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

STA

ဘက်တစ် Vs ဘီလ်ဘာအို

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၄ - ၂ ဘက်တစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | - | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| ဘီလ်ဘာအို | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဘက်တစ်အသင်းရဲ့ခြေစွမ်းပိုင်းက အကျဘက်ကိုရောက်နေလို့အခုပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ ဘီလ်ဘာအိုအသင်းကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေသလို ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုရှိနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းသာတဲ့ ဘီလ်ဘာအိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၁ - ၂ ဘီလ်ဘာအို**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

STA

ဒေါ့မွန် Vs ဟော့ဖန်ဟိမ်း

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၁ - ၀ ဟော့ဖန်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(သရေ) |
| ဟော့ဖန်ဟိမ်း | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(ရှုံး) |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဒေါ့မွန်အသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ ဟော့ဖန်ဟိမ်းအသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့ထိ ရလဒ်ဆိုးရွားနေသလို ဒေါ့မွန်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိပါတယ်။ ဒါကြောင့် တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၂ - ၀ ဟော့ဖန်ဟိမ်း**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

STA

လန်း Vs မိုနာကို

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၀၆:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လန်း ၂ - ၂ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | - | အိမ်(သရေ) | ဝေး(သရေ) | ဝေး(ရှုံး) |
| မိုနာကို | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ လန်းအသင်းဟာ အခုပွဲစဉ်မှာ အိမ်ကွင်းဆိုပေမဲ့ မိုနာကိုအသင်းကိုပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ခက်ခဲမှာပါ။ မိုနာကိုအသင်းကလဲ ဥရောပဝင်ခွင့် တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ အဝေးကွင်းဆိုပေမယ့်အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် မိုနာကိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - လန်း ၁ - ၂ မိုနာကို**

နိုက် Vs ကလဲယားမောင့်

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကလဲယားမောင့် ၀ - ၁ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ကလဲယားမောင့် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |

နိုက်အသင်းဟာ အဆင့်(၃)နေရာထိကျဆင်းခဲ့ရလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိဖို့ပြင်ဆင်လာမှာပါ။ ကလဲယားမောင့်အသင်းကလဲ အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ နိုက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နိုက် ၁ - ၀ ကလဲယားမောင့်**

# အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင် တရုတ်နိုင်ငံ၏ရပ်တည်ချက်အလားအလာ

ပါလက်စတိုင်းနှင့်တရုတ်နိုင်ငံ၏ ဆက်ဆံရေးသည် နက်ရှိုင်းသောသမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို အခြေခံလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၁၉၆၅ ခုနှစ်တွင် ပါလက်စတိုင်းနှင့် ဆက်ဆံရေး စတင်ထူထောင်ခဲ့သော်လည်း ၁၉၈၈ ခုနှစ်ရောက်ရှိမှသာ ပါလက်စတိုင်းကို တရားဝင်အသိအမှတ်ပြုခဲ့သည်။ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့သည် ၁၉၆၅ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခဲ့ပြီး ၁၉၇၄ ခုနှစ် သံရုံးအဆင့်သို့ အဆင့်မြှင့်တင်ပြောင်းလဲခဲ့သည်။

အဆိုပါကာလများအတွင်း ပါလက်စတိုင်းခေါင်းဆောင်များ အထူးသဖြင့် ရာဆာအာရာဖတ်ကို တရုတ်နိုင်ငံက လက်ခံကြိုဆိုခဲ့ပြီး ၎င်း၏ခရီးစဉ်အတွင်း တရုတ်နိုင်ငံအနေဖြင့် ပါလက်စတိုင်း၏ ကြိုးပမ်းမှုများကို ထောက်ခံကြောင်းပြတ်ပြတ်သားသား ပြောကြားခဲ့သည်။ မော်စီတုန်းကိုယ်တိုင်သည်ပင်လျှင် အစ္စရေးနိုင်ငံကို တရုတ်(တိုင်ပေ)နှင့်နှိုင်းယှဉ်လျက် ဒေသတွင်း၌ နယ်ချဲ့များ၏ အခြေစိုက်စခန်းများအနက်မှတစ်ခုဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံသည် စစ်ရေးဆိုင်ရာအထောက်အပံ့များအပါအဝင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ကို အမေရိကန်ဒေါ်လာ ၅ သန်း ပံ့ပိုးကူညီခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အစ္စရေးနိုင်ငံကို ဆန့်ကျင်လျက် ပါလက်စတိုင်းကို အပြတ်အသတ်ထောက်ခံသည့်မူဝါဒကို မကျင့်သုံးတော့ပေ။ သို့သော် ပါလက်စတိုင်းကို မျက်နှာသာပေးသည့် သမိုင်းကြောင်းဆိုင်ရာ နောက်ခံအကြောင်းတရားကို ဆက်လက်ကျင့်သုံးလျက်ရှိသည်။ နှစ်နိုင်ငံအဖြေကို ထောက်ခံသော တရုတ်နိုင်ငံက ပါလက်စတိုင်းပြည်သူများသည် အမျိုးသားရေးရပိုင်ခွင့်များအတွက် တိုက်ပွဲဝင်နေကြောင်းနှင့် ၎င်းတို့၏ရည်မှန်းချက်အောင်မြင်ရေးအတွက် ထောက်ခံသွားသင့်ကြောင်း ပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ထောက်ခံမှုအမှတ်သင်္ကေတအနေဖြင့် ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက်အဘာ့စ်သည် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ပေကျင်းသို့သွားရောက်လည်ပတ်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ပထမဆုံးသော အာရပ်ခေါင်းဆောင်ဖြစ်လာခဲ့သည်။ အဆိုပါ ခရီးစဉ်အတွင်း တရုတ်နှင့်ပါလက်စတိုင်းတို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ခဲ့သည်ဟု ကြေညာခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပခဲ့သည့် အာရပ်နိုင်ငံများ- တရုတ်ထိပ်သီးဆွေးနွေးပွဲ အဖွင့်မိန့်ခွန်း၌ တရုတ်သမ္မတရှီကျင့်ဖျင်သည် ပါလက်စတိုင်းကို ထောက်ခံရေးအတွက် တိုက်ရိုက်ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်သမ္မတရှီကျင့်ဖျင်က အရှေ့ဂျေရုစလင်ကို မြို့တော်အဖြစ်သတ်မှတ်ပြီး လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်အနေဖြင့် အဆိုပါမူဝါဒများရှိနေသော်လည်း အစ္စရေးနှင့်ထိပ်တိုက်ရင်ဆိုင်မှုကို သတိထားရှောင်ရှားလျက်ရှိသည်။ အစ္စရေးနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နေသည့် အရှေ့အလယ်ပိုင်းနိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများစွာသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့်ဆက်နွှယ်လျက်ရှိသည်။ ၎င်းစီမံကိန်းများတွင် Huawei နှင့်အစ္စရေး၏ Zing Energy တို့ကြား သဘောတူညီချက်ကဲ့သို့သော စွမ်းအင်နှင့်ဆက်သွယ်ရေးစင်တာများ အဆင့်မြှင့်တင်ရန် သဘောတူညီချက်များပါဝင်သည်။ ထို့ပြင် အစ္စရေး Color Chip ကုမ္ပဏီနှင့် တရုတ်ကုမ္ပဏီများကြား အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိသော သဘောတူညီချက်ကဲ့သို့သော အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတန်ဖိုးရှိသည့် သဘောတူညီချက်များပါဝင်သည်။

ပါလက်စတိုင်းကို ထောက်ခံနေသော တရုတ်သည် အစ္စရေးနှင့်သံတမန်ဆက်ဆံရေးဆက်လက်ထူထောင်ထားနိုင်သည့်အပြင် ကုန်သွယ်မှုဆက်ဆံရေးကိုလည်း ဆက်လက်ထိန်းသိမ်းထားရှိသည်။ ထို့ကြောင့် အစ္စရေးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို တုံ့ပြန်နိုင်ရေးအတွက် ၎င်းကို လုံခြုံရေးအာမခံချက်ပေးထားသည့် အမေရိကန်၏ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရဖွယ်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံအနေဖြင့်




အရှေ့အလယ်ပိုင်းဆိုင်ရာမူဝါဒ ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် ရပ်တည်ချက်ရွေးချယ်သွားရတော့မည်ဖြစ်သည်။

**အရှေ့အလယ်ပိုင်းအရေးအပေါ် တရုတ်နိုင်ငံ၏အမြင်**

တရုတ်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဆိုင်ရာမူဝါဒသည် အခြေခံအားဖြင့် BRI နှင့်ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအပေါ် အခြေခံထားပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို သံခင်းတမန်ခင်းဖြင့် ထိန်းသိမ်းထားရှိသည်။ ထို့ကြောင့် တရုတ်၏နိုင်ငံခြားရေးမူဝါဒသည် အရှေ့အလယ်ပိုင်းရှိ အကျပ်အတည်းများတွင် သံခင်းတမန်ခင်းနှင့် ကြားဝင်ဖျန်ဖြေခြင်းနည်းလမ်းများဖြင့် လုပ်ဆောင်သွားရန် ကြိုးပမ်းလျက်ရှိသည်။ သာဓကအနေဖြင့် တရုတ်နိုင်ငံ၏ကြားဝင်ဖျန်ဖြေမှုဖြင့် အီရန်နှင့်ဆော်ဒီအာရေဗျတို့ကြား ခုနစ်နှစ်ကြာ ရပ်ဆိုင်းထားသော သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ပြီဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးအရပ်သားများကို ဟားမတ်စ်တို့က တိုက်ခိုက်ပြီးနောက် တရုတ်တို့၏ အမြင်သဘောထားကွဲပြားလာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် တိုက်ခိုက်မှုကိုရှုတ်ချခဲ့သော်လည်း ဟားမတ်စ်တို့ကို အကြမ်းဖက်အဖွဲ့အဖြစ် စွပ်စွဲပြောဆိုခဲ့ခြင်းမရှိပေ။ ထိုသဘောထားသည် ဟားမတ်စ်ကိုရှုတ်ချပြီး အစ္စရေးတို့ကို ထောက်ခံရန်တောင်းဆိုထားသည့် အမေရိကန်နှင့်မဟာမိတ်များ၏ ရပ်တည်ချက်နှင့်ကွဲလွဲလျက်ရှိသည်။

ဟားမတ်စ်တိုက်ခိုက်မှုများအပြီး ထုတ်ပြန်ချက်၌ တရုတ်နိုင်ငံသည် ပါတီအားလုံးကို တတ်နိုင်သမျှ တင်းမာမှုများလျှော့ချသွားရန်နှင့် ပြဿနာဖြေရှင်းရေး လွတ်လပ်သောပါလက်စတိုင်းနိုင်ငံ ထူထောင်ရန်နှင့် နှစ်နိုင်ငံအဖြေတစ်ရပ်ရှာဖွေရန် တောင်းဆိုထားရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နောက်ပိုင်းတွင် သမ္မတရှီကျင့်ဖျင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့သည် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ခဲ့ခြင်းမရှိပေ။ အရှေ့အလယ်ပိုင်းပြဿနာအစပိုင်းတွင် အမေရိကန်နှင့်နှိုင်းယှဉ်လျှင် ဟန်ချက်ထိန်းညှိသော အနေအထားရှိသည့် တရုတ်နိုင်ငံသည် အစ္စရေးတို့မှ ဂါဇာကို ထိုးစစ်ဆင်နွှဲလာသည့်အချိန်တွင် ပါလက်စတိုင်းတို့ကို ဆက်လက်ထောက်ခံသည့်သဘောထားကို ကိုင်စွဲထားရှိသည်။

သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် လွတ်လပ်သောပါလက်စတိုင်းနိုင်ငံကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အီဂျစ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခများပြန်လည်ကုစားရေးအတွက် အခြေခံအကျဆုံးသောနည်းလမ်းသည် နှစ်နိုင်ငံအဖြေရှာဖွေရန်၊ လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ရန်နှင့် ပါလက်စတိုင်းနှင့်အစ္စရေးတို့ကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ စွဲကိုင်ထားရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးကလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ရုရှားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပါလက်စတိုင်းပြည်သူများကို ၎င်းတို့၏ အမျိုးသားအခွင့်ရေးအတွက် ကြိုးပမ်းမှုများလုပ်ဆောင်နေမှုကို ပံ့ပိုးကူညီသွားရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

**ကမ္ဘာလုံးဆိုင်ရာမူဝါဒကွဲပြားမှုကြောင့် ဒေသတွင်းထင်ဟပ်လာမှု**

လက်ရှိအချိန်တွင် တစ်ကျော့ပြန်ဖြစ်ပွားလာသော အစ္စရေးနှင့် ပါလက်စတိုင်းပြဿနာသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်နှင့်တရုတ်နိုင်ငံကြား အာဏာတိုက်ပွဲကို ထင်ဟပ်စေလျက်ရှိသည်။ ရုရှားနှင့်အီရန်တို့သည် အစ္စရေး-ပါလက်စတိုင်းအရေးအပါအဝင် အရှေ့အလယ်ပိုင်း တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများတွင် တရုတ်နှင့်အတူ တစ်သဘောတည်းရပ်တည်နေဖွယ်ရာရှိသည်။ ၎င်းတို့အနေဖြင့်လည်း နှစ်နိုင်ငံအဖြေတစ်ရပ်ရရှိရေးအတွက် တရုတ်နှင့်ရုရှားတို့သည် ပါလက်စတိုင်းအရေးနှင့်စပ်လျဉ်း၍ တူညီသော အမြင်သဘောထားမျှဝေလျက်ရှိသည်။ ရုရှားအပြင် တရုတ်နိုင်ငံသည် အီရန်နှင့် အကြိမ်ကြိမ်ထိတွေ့ဆက်ဆံလျက်ရှိသည်။ အီရန်သည် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုရှိသော နိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ တရုတ်နှင့်ရုရှားတို့သည် အပစ်အခတ်ရပ်စဲရေးကြေညာချက်ထုတ်ပြန်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သို့သော် အမေရိကန်အနေဖြင့် ဂါဇာအရေးနှင့်စပ်လျဉ်း၍ တင်ပြလာသော အဆိုပြုချက်မှန်သမျှကို ဗီတိုအာဏာသုံးလျက် ပယ်ချသွားဖွယ်ရာရှိသည်။

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီရတ်၊ အီရန်၊ ရုရှားတို့နှင့်ပူးပေါင်း၍ ဒေသတွင်း၌ အမေရိကန်ဆန့်ကျင်ရေးအမြင်သဘောထား ကိန်းအောင်းလာအောင်လုပ်ဆောင်ရန် ရည်မှန်းထားရှိသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက အရှေ့အလယ်ပိုင်းနိုင်ငံများအနေဖြင့် ပါလက်စတိုင်းအရေးတွင် တူညီသောအသံထွက်သင့်ကြောင်း၊ စည်းလုံးညီညွတ်မှုနှင့်ပေါင်းစပ်ညှိနှိုင်းမှုတို့ကို တောင့်တင်းခိုင်မာအောင် လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းပြောကြားထားသည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် အာရပ်နိုင်ငံများတွင် အစ္စရေးဆန့်ကျင်ရေးစိတ်ဓာတ် ကိန်းအောင်းလာအောင် လုပ်ဆောင်ရန်ရည်မှန်းထားရှိသည်။ အထူးသဖြင့် အီရန်နှင့်ပူးပေါင်းဆောင်ရွက်သွားရန်ရည်မှန်း လုပ်ဆောင်လျက်ရှိသည်။ အစ္စရေးအပေါ် အမေရိကန်၏ ခြွင်းချက်မရှိထောက်ခံနေမှုကြောင့် တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ထောက်ခံမှုရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

သို့သော် အမေရိကန်နှင့်တရုတ်ကြား ဟန်ချက်ထိန်းညှိရန်ကြိုးပမ်းနေသော ဆော်ဒီအာရေဗျကဲ့သို့သော နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ ရည်ရွယ်ချက်ကို ထောက်ခံသွားမလားဆိုသော အချက်ကို ဆုံးဖြတ်ချက်ချမှတ်ရခြင်း မရှိသေးပေ။ ပင်လယ်ကွေ့နိုင်ငံများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် နှစ်စဉ်တိုးတက်လျက်ရှိသော်လည်း အဆိုပါနိုင်ငံများသည် အမေရိကန်နှင့် လုံခြုံရေးဆိုင်ရာဆက်ဆံရေးကိုမူ ဆက်လက်ထိန်းသိမ်းထားရှိဆဲပင်ဖြစ်သည်။ ပင်လယ်ကွေ့နိုင်ငံများအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်ဆန့်ကျင်သည့် ဆုံးဖြတ်ချက်ချမှတ်သွားနိုင်ရေးသည် မလွယ်ကူသော ကိစ္စပင်ဖြစ်သည်။

ရေရှည်တွင် တရုတ်နိုင်ငံသည် အမေရိကန်နှင့် တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်ခြင်းမရှိဘဲ စီးပွားရေးနှင့်သံတမန်ဆက်ဆံရေးမှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသတွင် မူဝါဒခိုင်မာအားကောင်းလာရေးအတွက် ကြိုးပမ်းသွားဖွယ်ရာရှိနေသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ရန်လိုသောမူဝါဒချမှတ်သည်ထက် သတိထားချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ သာဓကအနေဖြင့် တရုတ်နိုင်ငံသည် ဂါဇာတွင် ပြည်သူများသေဆုံးမှုအတွက် အစ္စရေးကို ဒေါသတကြီးပြစ်တင်ဝေဖန်မှုရှောင်ရှားနေခြင်းပင်ဖြစ်သည်။ သို့သော် လက်ရှိဖြစ်ပေါ်လျက်ရှိသော အရှေ့အလယ်ပိုင်းအရေးတွင် တရုတ်၊ အီရန်နှင့် ရုရှားတို့အနေဖြင့် လွတ်လပ်သောပါလက်စတိုင်းနိုင်ငံပေါ်ထွန်းရေးကို ထောက်ခံလျက်ရှိသောကြောင့် အမေရိကန်နှင့် အနောက်နိုင်ငံများအနေဖြင့် ထိုရပ်တည်ချက်ကို လျစ်လျူရှု၍ရနိုင်မည် မဟုတ်ချေ။

**ကိုးကား**

- **Understanding China's Position on the Israel-Palestine Conflict By The Diplomat**

**မောင်စိန်အိ(နဘဲမြေ)**

# တောင်တွင်းကြီးမြို့နယ် ဗိဿနိုးရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရွှေရောင်တော်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပသွားမည်



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဗိဿနိုး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရွှေရောင်တော်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေရောင်တော်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးသာဦးက ပြောပြ၍ သိရသည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဗိဿနိုးရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရွှေရောင်တော်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အရင်နှစ်တွေက တပို့တွဲလဆန်းလောက်က ဘုရားပွဲစလုပ်ခဲ့တာ တပေါင်းလပြည့်နေ့ထိပဲ။ တချို့နှစ်တွေဆို တပေါင်းလပြည့်ကျော်တာတောင် ဈေးသည်တွေက မပြန်ကြသေးဘူး။ ဒီနှစ်မှာတော့ ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာကို ဖြေ ၅ ရက်၊ ၆ ရက်၊ ၇ ရက်တွေမှာ ကျင်းပသွားမှာဆိုတော့ ပွဲက အဲဒီနေ့ထိလဲ ဖြစ်သွားနိုင်ပါတယ်။ အတိအကျတော့ ပြောလို့မရသေးဘူး။ အဲဒါကြောင့် အရင်နှစ်တွေကလုပ်တဲ့ စေတီတော်ကြီးရဲ့ အနောက်ဘက်မုခ်မှာ မလုပ်တော့ဘဲ စေတီတော်ကြီးရဲ့ တောင်ဘက်မုခ်မှာ ဒီနှစ်တော့ ပြောင်းလုပ်မှာဖြစ်ပါတယ်"ဟု ရွှေရောင်တော် စေတီတော် ဂေါပကအဖွဲ့ဝင် ဦးသာဦးက ပြောပြသည်။

အဆိုပါဘုရားပွဲတော်ကို ယခင်နှစ်များက ဘုရားကြီး၏အနောက်ဘက်မုခ်တည်တည်တွင် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင်မူ သဲဖြူဆရာတော်ဘုရားကြီးနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ဦးဆောင်၍ ဖြေ ၅ ရက်မှ ၇ ရက်ထိ ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာပွဲကျင်းပနိုင်ရန် မဏ္ဍပ်ဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်သည့်အတွက် နေရာအခက်အခဲများမဖြစ်စေရန် ဘုရားကြီး၏တောင်ဘက်မုခ်တွင် ပြောင်းလဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Frankenstein ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းစဉ်စတင်နေ

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

Frankenstein ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းစဉ်ကို ကမ္ဘာကျော်ဒါရိုက်တာ ဂီလာမိုဒယ်တိုရိုက စတင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ Frankenstein ဇာတ်ကားကို အင်္ဂလိပ်စာရေးဆရာ မာရီ ရှယ်လီ၏ ကမ္ဘာကျော်ဂန္ထဝင်ထိတ်လန့်သည်းဖို ဝတ္ထုဖြစ်သည့် Frankenstein ဝတ္ထုကိုပင် အခြေခံရိုက်ကူးမည်ဖြစ်သည်။

Frankenstein ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းစတင်နေမှုကို ဒါရိုက်တာ ဂီလာမိုဒယ်တိုရို ကိုယ်တိုင် အတည်ပြုထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာဂီလာမိုဒယ်တိုရိုအတွက် Pinnochio ဇာတ်ကားရုံတင်ပြီးနောက်ပိုင်း ပထမဆုံးရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Frankenstein ဇာတ်ကားသစ်၌ မင်းသား ယာကော့အယ်လော်ဒီ၊ အော်စကာအိုင်းဆက်၊ ခရစ္စတိုဖဝေါ့နှင့် မင်းသမီး မိုင်ရာဂိုတို့ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂီလာမိုဒယ်တိုရိုကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# သရုပ်ဆောင် ညီနန္ဒ၏ အသက် ၄၇ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် စံပယ် တေးသီချင်း Music Video(MV) ထွက်ရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

သရုပ်ဆောင် ညီနန္ဒ၏ အသက် ၄၇ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စံပယ် တေးသီချင်း Music Video(MV) ကို ဖေဖော်ဝါရီ ၂၂ ရက်က ထွက်ရှိလာပြီဖြစ်ကြောင်း သရုပ်ဆောင် ညီနန္ဒက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ညီနန္ဒ၏ စံပယ်တေးသီချင်းကို နာမည်ကျော် တေးရေးများဖြစ်သည့် တေးရေး၊ တေးဆို နေမျိုးဆေးနှင့် တေးရေးတေးဆို ဂျက်မြသောင်းတို့က ရေးသားပေးထားပြီး တေးသီချင်း Music Video(MV) ကို ဒါရိုက်တာ မယ်မင်းဘုံ တာဝန်ယူပုံဖော်ထားကြောင်း၊ တေးရုပ်ဖော်ပိုင်းတွင် သရုပ်ဆောင် ညီနန္ဒ၊ ဝေလာရီ၊ ဇွဲကြီး၊ ဉာဏ်ကြီးနှင့် စိုးကြီးတို့က သရုပ်ဆောင်ထားကြောင်း သိရသည်။

"ကျွန်တော့် အသက် ၄၇ နှစ်ပြည့်မွေးနေ့နဲ့ အနုပညာသက်တမ်းနှစ် ၃၀ အမှတ်တရအနေနဲ့ စံပယ်သီချင်းလေး ဖြစ်မြောက်အောင် မေတ္တာစေတနာအပြည့်နဲ့ ဝန်းရံပေးကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒါပြင် Location Sponsor Inya Lake Garden၊ လိုအပ်တဲ့အဝတ်အစား ဒီဇိုင်းအတွက် အမြဲအသင့်ရှိနေတဲ့ ချစ်ကိုကြီး ကိုတင်မြင့် ကျေးဇူးပါ။ အထူးသဖြင့် ကျွန်တော့်ရဲ့ အနုပညာသက်တမ်းနှစ် ၃၀ တိုင် အားပေးခဲ့တဲ့ ချစ်ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်။ မွေးနေ့ဆုတောင်းပေးကြတဲ့ ချစ်ခင်သူအားလုံးကျေးဇူးတင်ပါတယ်။ ကျွန်တော်နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအားလုံး ထပ်တူရကြပါစေ"ဟု ညီနန္ဒက ပြောပြသည်။




သရုပ်ဆောင် ညီနန္ဒသည် လက်ရှိတွင် အနုပညာလုပ်ရှားမှုအနေဖြင့် ဇာတ်လမ်းတွဲများ၊ ဇာတ်လမ်းတိုများနှင့် ကြော်ငြာများစွာကို ရိုက်ကူးလျက်ရှိနေပြီး ပြင်ဦးလွင်တွင် အတွဲဆွဲ ဇာတ်လမ်းတွဲကို ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ASH

# Ballerina ဇာတ်ကားရုံတင်ရက် Lionsgate ကုမ္ပဏီ ဆိုင်းငံ့ထား

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

Johnwick ဇာတ်ကားများ၏ မူကွဲဇာတ်ကားသစ်ဖြစ်သည့် Ballerina ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက တစ်နှစ်ဆိုင်းငံ့ထားကြောင်း ဖေဖော်ဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

Ballerina ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း Lionsgate ကုမ္ပဏီက ဖေဖော်ဝါရီ ၂၁ ရက်တွင် ကြေညာထားသည်။

မူလက Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Ballerina ဇာတ်ကားကို ယခုနှစ် ဇွန် ၆ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကား၌ အက်ရှင်ဇာတ်ကွက်များ ထပ်မံထည့်သွင်းရေးအတွက် ရုံတင်ပြသမည့်အချိန်ကို တစ်နှစ်ဆိုင်းငံ့ခဲ့ခြင်းဖြစ်ကြောင်း Lionsgate ကုမ္ပဏီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

Ballerina ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရှေးဟက်တန်က ရေးသားပေးထားပြီး ဒါရိုက်တာ လန်ဝိုက်စမင်က ရိုက်ကူးထားခြင်းဖြစ်သည်။

၎င်းဇာတ်ကား၌ မင်းသမီး အန်နာဒီအားမက်၊ မင်းသား ကီနူးရိလန့်ရက်ဗ်ခ်စ်နှင့် အိုင်ယန်မက်ရှိန်းတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# ထန်ပါခွေမြို့ နာဂရိုးရာကွင်းတွင် နာဂတိုင်းရင်းသားမျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းမျှဝေသည့် နာဂတိုင်းရင်းသားရိုးရာအကသင်တန်း ဖွင့်လှစ်

**လဟယ် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့ နာဂရိုးရာကွင်းတွင် နာဂတိုင်းရင်းသားမျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းမျှဝေသည့် နာဂတိုင်းရင်းသားရိုးရာအကသင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း နာဂတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ထန်ပါခွေမြို့)ဥက္ကဋ္ဌ ဦးခေါင်ရှိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အခမ်းအနားတွင် ထန်ပါခွေမြို့၊ စော်ဘွား ဦးဟော်မှိုနှင့် နာဂတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ထန်ပါခွေမြို့) ဥက္ကဋ္ဌ ဦးခေါင်ရှိုင်တို့က အမှာစကားပြောကြားခဲ့သည်။

"အနာဂတ်မျိုးဆက်သစ် လူငယ်တွေ မိမိတို့ရိုးရာအမွေအနှစ်ကို တန်ဖိုးထား မြတ်နိုးတတ်စေဖို့နဲ့ ရိုးရာအကအလှတွေကို မြတ်နိုးတတ်စေဖို့ရည်ရွယ်ပြီး အခုလို မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းအမွေပေးတာပါ"ဟု ဥက္ကဋ္ဌ ဦးခေါင်ရှိုင်က ပြောပြသည်။

သင်တန်းတွင် နာဂတိုင်းရင်းသားရိုးရာအကကို နာဂတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးအဖွဲ့များက မျိုးဆက်သစ်လူငယ်များကို ငွေနှင်းမှုံကလေးများလည်း အချိန်တိုင်းကျသည်မဟုတ် သူ့အချိန်အခါရောက်မှကျသည်၊ တောင်ယာစပါးများသည်လည်း နှစ်တိုင်းကောင်းသည်မဟုတ် ကောင်းသည့်နှစ်မှသာကောင်းမည် စသောအဓိပ္ပာယ်ရသည့်သီချင်းဖြင့် အကကိုယ်ဟန်အမူအရာများကို သင်ကြားပြသပေးခဲ့သည်။

နာဂတိုင်းရင်းသားရိုးရာအကသင်တန်းသို့ နာဂတိုင်းရင်းသားမျိုးဆက်သစ် လူငယ်အမျိုးသား၊ အမျိုးသမီး စုစုပေါင်းဦးရေ ၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ASH

# Thousands flock to Kyaikhtiyo Pagoda this month


The Kyaikhtiyo Pagoda being packed with pilgrims.

**Kyaikhto February 23**

The Hsandawshin Kyaikhtiyo Pagoda in Kyaikhto Township, Mon State, has attracted over 30,000 pilgrims from all over Myanmar during the February holiday, according to U Soe Hla, chairman of the pagoda Board of Trustees.

The pagoda, which is perched on a gold-gilded boulder at the edge of a cliff, is one of the most revered Buddhist sites in the country. The Buddha Pujaniya Festival of the Kyaikhtiyo Pagoda is held every year from the full moon day of Thadingyut to the full moon day of Kason, and the pagoda is open to the public every day.

U Soe Hla said that pilgrims have been visiting the pagoda since November last year, and the number of visitors has increased significantly during the three-day holiday this week.

"On February 10 (Saturday), 13,225 men, 1612 women, 171 monks and 57 nuns from inside the country and 16 male and 29 female foreign pilgrims visited the pagoda," he said.

He added that inns, restaurants, and free lodgings are fully open to accommodate the pilgrims, and about 250 cars are being driven up to the pagoda every day.

ASH

# Senior Palestinian commander killed in Israeli airstrike on West Bank

**Jenin February 23**

The commander of Palestinian militant group Jenin Brigades, Yasser Hanoun, was killed after an Israeli airstrike hit his car in the Jenin refugee camp in the West Bank, Palestinian eyewitnesses and medical sources said on Thursday.

Eyewitnesses told Xinhua that an Israeli reconnaissance aircraft bombed the car carrying Hanoun on the street in the Jenin camp, destroying the car and setting it on fire. The attack also injured 15 others.

The charred body of Hanoun was transferred to the Jenin Government Hospital, while another four wounded, one of them in critical condition, were taken to the operation rooms, the medical sources said, adding some other injured Palestinians were transferred to the Ibn Sina Hospital in the city, among whom four are in stable condition, two suffering moderate injuries, and one being serious injured.

The conflict between the Palestinians and Israelis in the West Bank escalated after Israel launched its military offensive in the Gaza Strip to retaliate Hamas attack in October last year.

Xinhua

# Wetlet Township grow more than 9,000 acres of kitchen crops this year

**Wetlet February 23**

More than 9,000 acres of kitchen crops have been grown in Wetlet Township of Sagaing Region this winter, according to Wetlet TownshIp Agriculture Department.

In winter of 2023-24 financial year, local farmers have so far cultivated 9,920 acres of kitchen crops exceeding the target of 9,658 acres.

"This year, we earmarked more than 9,600 acres of kitchen crops in Wetlet Township. At present, local farmers exceeded the target of cultivation. Township Agriculture Department helps local farmers expand sown acreage, use agricultural techniques and prevent pests," said Head of Wetlet Township Agriculture Department Daw Kyin San.

This year, local farmers cultivated 340 acres of chilli, 4,560 acres of onion, and 5,020 acres of garlic, totalling 9,920.

In winter, Wetlet Township earmarked cultivation of 340 acres of chilli, 4,503 acres of onion and 4,815 acres of garlic in the township.


A kitchen crop plantation.

Township Agriculture Department provides necessary assistance to local farmers of growing kitchen crops with modern agricultural techniques, use of GAP system, prevention of pests and improvement of soil.

Last year, Wetlet Township grew 9,658 acres of kitchen crops from October to December 2022.

206

# Chinese, Sierra Leonean hospitals ink deal to bolster medical cooperation

**Freetown February 23**

A Chinese hospital on Thursday signed an agreement with the Sierra Leone-China Friendship Hospital to boost medical cooperation between the two countries at Jui, a town in the suburb of Freetown, the capital of Sierra Leone.

Under the deal, the Third Xiangya Hospital of Central South University, one of the top-notch hospitals in Hunan Province in central China, will provide more medical assistance to its counterpart, particularly in nursing.

According to Yan Jin, the director of the Chinese hospital's nursing department, the hospital boasts a decades-long cooperation with its African counterparts by dispatching nearly 20 medical personnel to the continent.

The Chinese hospital is willing to have visiting staff from the Sierra Leonean hospital for medical training in specific areas, such as the management of the special care baby unit, Yan said at the signing ceremony.

Sarah Conth, president of the Sierra Leone-China Friendship Hospital, noted that her hospital's special care baby unit has faced multiple challenges including feeding the babies and training the medical staff. She expressed her gratitude to the Chinese side for always reaching out and helping the hospital improve its practices.

Xinhua


A Chinese doctor checks on a patient at the Sierra Leone-China Friendship Hospital in Jui, a town in the suburb of Freetown, Sierra Leone, on Feb. 22, 2024.

# Sesame and mung bean trading flourishes in Mandalay's bean and sesame market

**Mandalay February 23**

The trade of sesame and mung bean is received good demand in the Mandalay bean and sesame market, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

In the past, trading in sesame and mung bean was not good due to the lack of purchases from the domestic market. At present, traders have increased their purchases of sesame and mung beans, and business has recovered.

"Trading of sesame and mung beans in the Mandalay market has been cold. Currently, the business has recovered and there are purchases from abroad," he continued.

According to the market price on February 12 in the Mandalay's beans, maize and sesame market, the market prices are 390,000 kyats per three-basket bag for black sesame, 315,000 kyats per three-basket bag for brown sesame kyats, 395,000 kyats per three-basket bag for white sesame, and 305,000 kyats per three-basket bag for mung bean.

184

# Shop owners of grocery, consumer goods, clothes and traditional medicine thrive in Mandalay's Zay Cho Market


Shops seen in Mandalay's Zay Cho Market.

**Mandalay February 23**

More dry goods, consumer goods, clothes and traditional medicine are sold at Mandalay's Zay Cho Market since the second week of February, according to U Aung Myint Thein from Zay Cho Market.

Among the big markets in Mandalay, Zay Cho Market is a large market that distributes and sells a variety of other items, including groceries, clothing, consumer goods, and food products.

"Now, grocery items such as dried fish, chickpeas, chilies, etc., as well as food products and consumer products, traditional medicines are being traded again at the market. Currently, the clothing and groceries are in the best trading position," he continued.

Similarly, the sales of other consumer goods, including clothing, entering the Mandalay market from China, are also improving.

"Right now, clothing is the best-selling item in the market, followed by dry goods, consumer goods, and cosmetics," he continued.

There are more than 3,000 stalls selling food products, clothing, textiles, traditional medicine, and gold accessories in the market.

184

# Locals in Yamethin Township sow 4,799 acres of winter chickpeas in this year

**Yamethin February 23**

A total of 4,799 acres of chickpeas have been planted in this year's winter crop planting season in Yamethin Township, Yamethin District, Mandalay Region, said U Aung Myo Thant, head of the Department of Agriculture for Yamethin Township.

The township is planning to plant chickpeas in this year's winter crop season since the third week of October 2023 and 4,799 acres of winter chickpeas have been planted. By being able to grow it, domestic consumption will also be able to be supported from one side.


A chickpea plantation.

"In the winter crop season, we have been able to meet the target of planting an acre of chickpeas in Yamethin Township. We have cooperated with the farmers to provide them with good varieties, inputs, and education on post-harvest methods, etc., which are necessary for good yield and quality," he said.

In the cultivation of chickpeas, they select varieties that match the region and have good yields. 185

# Cultivation of summer paddy on more than 1,500 acres completed in Mingin Township

**Mingin February 23**

Mingin Township Agriculture Department stated that a total of 1,535 acres of summer paddy has been grown in Mingin Township of Kalay District in Sagaing Region, this summer.

Cultivation of paddy started in January this year in the township on 3,563 acres of farmlands, 1,535 acres of which has been placed under summer paddy.

"This year, Mingin Township earmarked more than 3,000 acres of summer paddy cultivation. So far, local farmers have grown over 1,500 acres of summer paddy. They are striving for meeting the target acreage. Our department assists the local farmers in use of quality strains of paddy," said Head of Township Agriculture Department Daw Hay Marn Kyaw Win.

Last year, local farmers grew summer paddy from February to April cent per cent, according to the statistics of the township agriculture department.

This year, the township department helps local farmers use fertilizers and systematically grow quality strains of paddy.

Local farmers need to follow instructions of relevant township agriculture department to grow summer paddy and other crops in time after harvesting monsoon paddy in the township. Moreover, departmental staff urged local farmers to prevent pests, fortify soil layers and collect quality strains of crops in advance.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers in Yamethin Township sow 6,854 acres of winter lablab beans this year


**Yamethin February 23**

A total of 6,854 acres of winter lablab beans have been planted in Yamethin Township, Mandalay Region during this winter crop planting season, said U Aung Myo Thant, head of the Department of Agriculture for the township.

In this township, 6,800 acres of winter lablab beans are planned to be planted in this year's winter crop planting season. Since planting began in the third week of October 2023, 6,854 acres of winter lablab beans have been planted.

"This year, we plan to plant 6,800 acres of winter lablab beans in Yamethin Township. Today, we have planted 6,854 acres of lablab beans. We have planted more than the target. We are working to expand the acreage of lablab beans, increase the yield, and use the GAP method for winter cultivation. This year, the Department of Agriculture will help the farmers who planted lablab beans to plant with the GAP method, to cultivate good varieties, and to cultivate varieties with good yields. We also did awareness work," he explained.

185


A lablab bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ကုလသမဂ္ဂတွင် ဂါဇာအပစ်အခတ်ရပ်စဲရေးတောင်းဆိုချက် အမေရိကန်က ဗီတိုအာဏာဖြင့် တတိယအကြိမ်ပယ်ချ



ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အများစု ထောက်ခံမှုရရှိထားသော ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက တောင်းဆိုခဲ့ရာ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းက ဗီတိုအာဏာသုံးကာ ပယ်ချခဲ့ကြောင်း ရုရှားနိုင်ငံ RT သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သည် ၎င်း၏ ဗီတိုအာဏာကို အသုံးပြုပြီး ယခင်ကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ၏ အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုကို နှစ်ကြိမ်တိုင်တိုင်ပယ်ချခဲ့ပြီး အမေရိကန်က အဆိုပါတောင်းဆိုချက်သည် ကြာရှည်ခံသော ငြိမ်းချမ်းရေးဖြစ်ပေါ်လာမည်မဟုတ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ချက်ချင်းအပစ်အခတ်ရပ်စဲရေး တောင်းဆိုချက်ကို အမေရိကန် ကိုယ်စားလှယ်အဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက်တွင် ပယ်ချခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီတွင် နိုင်ငံ ၁၃ နိုင်ငံက ထောက်ခံခဲ့သော်လည်း အမေရိကန်က ကန့်ကွက်မဲပေးခဲ့ပြီး ဗြိတိန်က ကြားနေခဲ့သည်။

"ဓားစာခံတွေကို လွှတ်ပေးဖို့တောင်းဆိုတဲ့ သဘောတူညီချက်မရှိဘဲ ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းတောင်းဆိုတာဟာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးမှာမဟုတ်ပါဘူး။ အဲဒီအစား ဟားမတ်စ်နဲ့ အစ္စရေးတို့ကြား တိုက်ပွဲတွေထပ်တိုးလာနိုင်တယ်" ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး Linda Thomas-Greenfield က လုံခြုံရေးကောင်စီ၌ မဲမခွဲမီ ပြောကြားခဲ့သည်။

ပြီးခဲ့သောသီတင်းပတ်တွင် Thomas-Greenfield သည် အပစ်အခတ်ရပ်စဲရေး နောက်ထပ်ကြိုးပမ်းမှုကို အမေရိကန်က ဆန့်ကျင်ကန့်ကွက်ကာ တိုက်ပွဲများယာယီရပ်ထားရန်နှင့် ဟားမတ်စ်ကဖမ်းဆီးထားသည့် ကျန်ရှိနေသော ဓားစာခံများကို လွှတ်ပေးရန်ရည်ရွယ်ပြုလုပ်မည့် စေ့စပ်ညှိနှိုင်းမှုများကို ပျက်ပြားစေလိမ့်မည်ဟု ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး နောက်ဆုံးတောင်းဆိုချက်မူကြမ်းသည် ဓားစာခံများ၏ကံကြမ္မာနှင့် အပစ်အခတ်ရပ်စဲရေးကို တိုက်ရိုက်မသက်ဆိုင်သော်လည်း ဟားမတ်စ်တို့၏ အောက်တိုဘာ ၇ ရက်က ပြုလုပ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုအတွင်း ဖမ်းဆီးထားသူများကို ခြွင်းချက်မရှိ လွှတ်ပေးရန်ဆိုသည့်အချက်ပါသည်။

အဆိုပါတောင်းဆိုချက်ကို ထောက်ခံခြင်းသည် ပါလက်စတိုင်းတို့အား အသက်ရှင်ခွင့်ကို အထောက်အပံ့ဖြစ်စေရန်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆန့်ကျင်ကန့်ကွက်ခြင်းသည် ပါလက်စတိုင်းတို့အပေါ် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုနှင့် စုပေါင်းပြစ်ဒဏ်များချမှတ်ခြင်းကို ထောက်ခံအားပေးနေခြင်းဖြစ်သည်ဟု အယ်လ်ဂျီးရီးယား၏ ကုလသမဂ္ဂ အထူးသံတမန် Amar Bendjama က ပြောကြားခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်း သံအမတ် Riyad Mansour ကလည်း ဗီတိုအာဏာသုံးပယ်ချခဲ့သည့် အမေရိကန်နိုင်ငံကို ပြစ်တင်ရှုတ်ချခဲ့သည်။

အမေရိကန်နိုင်ငံသည် လုံခြုံရေးကောင်စီတွင် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုကို သုံးကြိမ်တိုင်တိုင် တားမြစ်ထားသော်လည်း စေ့စပ်ညှိနှိုင်းချိန်ရရန်နှင့် ဝိုင်းရံပိတ်ဆို့ထားသည့် ပါလက်စတိုင်းနယ်မြေသို့ အကူအညီများရောက်ရှိစေရန် ကာလတို အပစ်အခတ်ရပ်ထားနိုင်ရေးအတွက် ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်မူကြမ်းကိုအတည်ပြုရန် တွန်းအားပေးလုပ်ဆောင်လာခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် အစ္စရေး၏ လပေါင်းများစွာကြာ တိုက်ခိုက်မှုများကြားတွင် ထောင်နှင့်ချီသော ဒုက္ခသည်များ စုဝေးရောက်ရှိနေသည့် Rafah မြို့ကို မြေပြင်ထိုးစစ်ဆင် တိုက်ခိုက်မှုများမှရှောင်ကြဉ်ရန် အစ္စရေးကို တိုက်တွန်းထားသည်။ အမေရိကန်နိုင်ငံဘက်က ကမကထပြုရေးဆွဲထားသော ဆုံးဖြတ်ချက်မူကြမ်းတွင် ဓားစာခံများလွှတ်မြောက်ရေးပုံသေနည်းအပေါ် အခြေခံ၍ ဂါဇာတွင် ယာယီအပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်ဘက်က ထောက်ခံအားပေးမှုကို အလေးပေးဖော်ပြခဲ့ပြီး လူသားချင်းစာနာမှု အကူအညီပေးရေးအတွက် အတားအဆီးအားလုံးကို ရုပ်သိမ်းပေးရန် တောင်းဆိုမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**US blocks third Gaza cease-fire push at UN ကို ဘာသာပြန်ဆိုထားပါသည်။**

## အဇာဘိုင်ဂျန်က တူကီယဲနိုင်ငံထုတ် အက်ကနီဒရုန်းကိုထုတ်ဖော်ပြသပြီး လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များအဆင့်မြှင့်တင်ခဲ့

အဇာဘိုင်ဂျန်နိုင်ငံ လေတပ်သင်တန်းကျောင်းတစ်ခုသို့ အဇာဘိုင်ဂျန်သမ္မတ Ilham Aliyev လာရောက်ကြည့်ရှုစစ်ဆေးစဉ် တူကီယဲနိုင်ငံထုတ် အက်ကနီဒရုန်းကို ထုတ်ဖော်ပြသခဲ့ရာ အဇာဘိုင်ဂျန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများအသုံးပြု၍ ကာကွယ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ထားခြင်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုအခါ တူကီယဲနိုင်ငံထုတ် အက်ကနီဒရုန်းကို ပါကစ္စတန်၊ အီသီယိုးပီးယား၊ ကာဂျစ်စတန်လေတပ်တို့နှင့်အတူ အဇာဘိုင်ဂျန်နိုင်ငံလေတပ်လည်း ဝယ်ယူအသုံးပြုလာခဲ့ပြီဖြစ်သည်။ သမ္မတ Ilham Aliyev သည် Roketsan ကုမ္ပဏီထုတ်SOM ခရုဇ်ဒုံးကျည်၊ MAM-T လေဆာလမ်းညွှန်ပဲ့ထိန်းဗုံးနှင့်လေဟုန်စီးကိရိယာတပ် ဗုံးအပါအဝင် လေကြောင်းမှပစ်လွှတ်နိုင်သည့် လက်နက်များ စမ်းသပ်စစ်ဆေးခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ SOM-A ခရုဇ်ဒုံးကျည်ကို အက်ကနီဒရုန်းတွင် ပေါင်းစည်းအသုံးပြုရန် စီစဉ်နေပြီး တာဝေးပျံသန်းတိုက်ခိုက်မှုစွမ်းရည် အကွာအဝေး ကီလိုမီတာ ၂၅၀ ထိ ထိရောက်စေမည်ဖြစ်သည်။ တူကီယဲနိုင်ငံထုတ် ဒရုန်းကို တာတိုပစ် Cakır ခရုဇ်ဒုံးကျည်အပြင် လေဟုန်စီးကိရိယာတပ်ဆင်ထားသော Mk 82 ဗုံး၊ MAM-Tလေဆာလမ်းညွှန်ဗုံးများတပ်ဆင်ကာ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။

တူကီယဲနိုင်ငံသည် မဟာမိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းကာ အက်ကနီဒရုန်းကဲ့သို့သော အဆင့်မြင့်ဒရုန်းများမှတစ်ဆင့် ၎င်း၏ကာကွယ်ရေးနှင့် ထောက်လှမ်းနိုင်စွမ်းကို တိုးမြှင့်လျက်ရှိသည်။ ထို့ပြင် အဇာဘိုင်ဂျန်နှင့် တူကီယဲနိုင်ငံတို့ကြား ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးသည် တိုက်လေယာဉ်ပဉ္စမမျိုးဆက်ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော စီမံကိန်းကြီးများတွင်ပါ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းချက် ကြီးကြီးမားမားရှိပုံရသည်။

အက်ကနီဒရုန်းသည်အချိန်နှင့်တစ်ပြေးညီအချက်ပြလုပ်ဆောင်မှု၊ အာရုံခံပေါင်းစပ်မှုနှင့် အခြေအနေဆိုင်ရာသိရှိမှုကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ အီလက်ထရွန်နစ်ထောက်ပံ့ရေးစနစ်များ၊ နှစ်မျိုးသုံးဂြိုဟ်တုဆက်သွယ်ရေးစနစ်များ၊ လေကြောင်းသုံးရေဒါ၊ အတားအဆီးရှောင်လွှဲနိုင်သောရေဒါနှင့် Synthetic Aperture ရေဒါများအပါအဝင် အဆင့်မြင့်စနစ်များ ပါရှိသည်။

ပုံမှန်တိုက်လေယာဉ်များအတိုင်း စစ်ဆင်ရေးများလုပ်ဆောင်ရန် ဒီဇိုင်းထုတ်ထားပြီး ဝေဟင်မှ မြေပြင်နှင့် ဝေဟင်မှ ဝေဟင်ပစ်တိုက်ခိုက်ရေးမစ်ရှင် နှစ်ခုစလုံးအတွက် ဘက်စုံသုံးတိုက်ခိုက်ရေး ဒရုန်းအဖြစ်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ဒရုန်းတွင်အသုံးပြုထားသည့် ရာသီမရွေးသုံး၊ အကြမ်းခံအီလက်ထရွန်နစ်နှင့် ဆော့ဖ်ဝဲစနစ်များက တိကျပဲ့ထိန်းဗုံးများ၊ တိကျပဲ့ထိန်းခဲယမ်းများ၊ ဒုံးကျည်များအပါအဝင် Payload အမျိုးမျိုးကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် ဝေဟင်မှ ဝေဟင် လေကြောင်းစစ်ဆင်ရေးနှင့် ရာသီဥတုအခြေအနေ ခန့်မှန်းနိုင်ရန်အတွက် ဘက်စုံသုံး AESA ရေဒါစနစ်တပ်ဆင်ထားကြောင်း သိရသည်။

ပျံသန်းမှုစွမ်းဆောင်ရည်ပိုင်း၌ အက်ကနီဒရုန်းသည် အမြင့်ဆုံးအမြင့်ပေ ၄၀၀၀၀ နှင့် ပျံသန်းချိန် ၂၄နာရီထိ ပျံသန်းနိုင်စွမ်းရှိပြီး အပြည့်အဝအလိုအလျောက်ပျံသန်းထိန်းချုပ်မှု၊ အတက်အဆင်းနှင့် မြေပြင်စနစ်များကို မှီခိုခြင်းမရှိဘဲ ဆင်းသက်နိုင်မှု၊ တိကျသော အလိုအလျောက်ပျံသန်းခြင်းနှင့် အာရုံခံစနစ်များဖြင့် တစ်သားတည်းပေါင်းစည်းလုပ်ဆောင်နိုင်စွမ်းရှိသည့်အပြင် အလေးချိန် ကီလိုဂရမ် ၁၅၀၀ ရှိသော အဆိုပါဒရုန်းသည် ထောက်လှမ်းရေးနှင့်တိုက်ခိုက်ရေးမစ်ရှင် နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သည်။

အက်ကနီဒရုန်းကို ရေဒီယိုစနစ်များ၊ ထိန်းချုပ်ရေး၊ Payload အော်ပရေတာ၊ ရုပ်ပုံထုတ်ယူရေးခလုတ်ခုံများပါဝင်ဖွဲ့စည်းထားသော မြေပြင်ထိန်းချုပ်ရေးဌာနမှ ထိန်းကျောင်းလုပ်ဆောင်နိုင်သည်။ ၎င်းသည် ဂြိုဟ်တုဆက်သွယ်ရေးမှ ပံ့ပိုးပေးထားသည့် မြင်ကွင်းလွန်လုပ်ဆောင်ချက်များ နှင့်အတူ Line-of-Sight (LOS) ထိန်းချုပ်မှုနှင့် ဗီဒီယိုထုတ်လွှင့်ခြင်းအတွက် လိုင်းနှုန်းသုံးမျိုး အသုံးပြုထားသည်။



**Azerbaijan enhances air defense capabilities with Turkish Bayraktar Akıncı drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၃၁၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဟုမ္မလင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၃၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၅၂၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၃၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပဲမျိုးစုံ စိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၅၁၄ ဧက၊ ပဲတီစိမ်းဧက ၃၁၀၊ စားတော်ပဲဧက ၅၉၀၊ မြေထောက်ပဲ ၇၃၇၁ ဧက၊ အခြားပဲ ၇၅၂၆ ဧက စုစုပေါင်း ၁၆၃၁၁ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မတ်ပဲဧက ၃၅၀၊ ပဲတီစိမ်း ၁၂၈ ဧက၊ စားတော်ပဲ ၅၁၅ ဧက၊ မြေထောက်ပဲ ၉၄၉၇ ဧက၊ အခြားပဲ ၄၇၄၄ ဧက စုစုပေါင်း ၁၅၂၃၄ ဧကဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ခနဖြူမြို့နယ် တော်ဝ-ကျားချောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ခနဖြူ ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ်တိုင်းဒေသကြီး မအူပင်ခရိုင် ခနဖြူမြို့နယ် တော်ဝ-ကျားချောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၅၂ ဒသမ ၃၂၂ သန်းဖြင့် ဆောင်ရွက်သည့် ခနဖြူမြို့နယ် တော်ဝ-ကျားချောင်းလမ်းတွင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ခနဖြူမြို့နယ် တော်ဝ-ကျားချောင်းလမ်း၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခနဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် မေ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာများမှ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ဧရာဝတီဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအတွက် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဧရာဝတီဒေသတိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# အဖျောက်မြို့ အင်းတရာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အင်းတရာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အင်းတရာအောက် ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူ ၉၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုဆိုင်ရာဖမ်းဆီးရမိခဲ့မှုအခြေအနေ၊ AA သောင်းကျန်းသူများက မဟုတ်မမှန်သတင်းများထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ကျွန်တော်တို့နိုင်ငံအနေနဲ့ Online လောင်းကစားမှုတွေ၊ ငွေကြေးလိမ်လည်မှုများနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပြင်းပြင်းထန်ထန်တိုက်ဖျက်နှိမ်နင်းလျက်ရှိပါတယ်။ တာချီလိတ်မှာဆိုရင် ဒီနေ့မနက် ၅ နာရီလောက်မှာ တာချီလိတ် ဆန်ဆိုင်း(က)ရပ်ကွက်မှာရှိတဲ့နေရာမှာကျွန်တော်တို့ Online လောင်းကစားတွေ၊ Online ငွေကြေးလိမ်လည်မှုတွေပြုလုပ်နေတယ်ဆိုတဲ့ သတင်းရရှိတဲ့အတွက် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်တိုးနယားလမ်းမှာရှိတဲ့ ကျော်သိန်း(ခေါ်)ခွန်မောင်ညို ပိုင်ဆိုင်တဲ့ ခြံဝင်းမှာ ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ပါတယ်။ အဲ့ဒီမှာ ထိုင်းနိုင်ငံသူနိုင်ငံသား ၁၄၈ ဦး ကျား ၇၅ ဦး၊ မ ၇၃ ဦး ပေါင်း ၁၄၈ ဦး၊ တရုတ်နိုင်ငံသား ကျား တစ်ဦး၊ မြန်မာနိုင်ငံသား ကျား ၁၇၃ ဦး၊ မ ၃၆၇ ဦး စုစုပေါင်း ဦးရေ ၅၄၀ ပေါ့ အားလုံး ထိုင်း၊တရုတ်၊မြန်မာအားလုံးပေါင်း ၆၈၉ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီမှာ သူတို့အသုံးပြုနေတဲ့မော်တော်ယာဉ် ရှစ်စီး၊မော်တော်ဆိုင်ကယ်အစီး ၁၂၀၊ Online ဂိမ်းလုပ်ဆောင်ရာမှာအသုံးပြုတဲ့ Desktop Computer များကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီနေရာမှာ နှစ်ဧကခန့်၊ နှစ်ဧကလောက် ကျယ်ဝန်းတဲ့ခြံဝင်းထဲမှာ နှစ်ထပ်ဆောင်သုံးဆောင်ဆောက်လုပ်ဆဲ အလူမီနီယံတွေနဲ့ လုပ်ဆောင်နေတဲ့ဟာဖြစ်ပါတယ်။ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ကျွန်တော်တို့မြန်မာပြည်သူတွေကော၊ တခြားအိမ်နီးချင်းနိုင်ငံတွေကော ထိခိုက်စေတဲ့ Online လောင်းကစားမှု၊ Online ငွေရေးကြေးရေးလိမ်လည်မှုတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံများနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အမြစ်ပြတ်ချေမှုန်းသွားမှာဖြစ်ပါတယ်လို့ ပြောလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ပြည်သူလူထုအားလုံး သတိထားဖို့ပဲဖြစ်ပါတယ်။ဒီလိုပဲ Online ငွေကြေးလိမ်လည်မှု သူကတော့ ချေးငွေလုပ်ငန်းလုပ်ဆောင်တယ်ဆိုပြီး Online ငွေကြေးလိမ်လည်မှု၊ ဒါပြီးရင် Online ကနေပြီးတော့ ငွေကြေးအမြတ်ထုတ်ခြိမ်းခြောက်နေတဲ့ အဖွဲ့တစ်ဖွဲ့ကိုလည်း ကျွန်တော်တို့ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီအဖွဲ့ကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းမှာ ကုမ္ပဏီရုံးခန်းဖွင့်လှစ်ပြီး ဒါဆောင်ရွက်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ ဦးဆောင်သူကတော့ တရုတ်နိုင်ငံသား မစ္စတာယူလင်ဖန်း ဖြစ်ပါတယ်။ သူကတော့ အခုချိန်မှာ ကမ္ဘောဒီးယားဘက်ကို ထွက်ပြေးတိမ်းရှောင်သွားတယ်လို့ ဇန်နဝါရီလကတည်းက ကမ္ဘောဒီးယားဘက်ကို ထွက်ပြေးတိမ်းရှောင်သွားတယ်ဆိုတာသိရပါတယ်။ ဒီအကြမ်းဖျင်းအခြေအနေကို ပြောပြရမယ်ဆိုရင်တော့ ဒီ Online လိမ်လည်မှုမှာပါဝင်တဲ့ တရားခံ ၁၃ ဦး ဆက်စပ်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီအဖွဲ့အစည်းက စုစုပေါင်း ၉၁ ဦးလောက်နဲ့ဖွဲ့စည်းထားတဲ့ Online ချေးငွေလုပ်ငန်းကို အကြောင်းပြပြီး လိမ်လည်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ သူတို့အနေနဲ့ အကြမ်းဖျင်းလုပ်ပုံကိုင်ပုံတွေနဲ့ လူတွေကို လိုက်လံစည်းရုံးတယ် ငွေချေးပေးမယ်ဆိုပြီးတော့ ငွေချေးပေးတယ် တစ်ခြားလုပ်ငန်းတွေနဲ့မြူဆွယ်တယ် ပြီးရင် ဒီလူဆီကနေပြီးတော့ကျ ပစ်မှတ်လူဆီကနေမှ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့အကောင့်တွေ၊ သူနဲ့ပတ်သက်တဲ့ ဒီဟာနဲ့ပတ်သက်ပြီး ရရှိအောင်လို့ ဒီဖုန်းထဲမှာ သူတို့ရဲ့ application တွေကို Install လုပ်ခိုင်းတယ် application တွေကို သွင်းခိုင်းတယ် သွင်းလိုက်တဲ့အချိန်မှာ သူ့ရဲ့ Comtact List တွေ၊ ဖုန်းထဲမှာရှိနေတဲ့ သူနဲ့ဆက်သွယ်နေတဲ့ ဖုန်းနံပါတ်တွေတို့ အချက်အလက်တွေတို့အကုန်လုံးရယူသွားပါတယ်။ ရယူသွားပြီး သူက ငွေချေးတဲ့ပုံစံမျိုးလုပ်တယ်။ငွေချေးတဲ့ပုံစံမျိုးလုပ်တယ် ပြန်တောင်းတယ်၊ ပြီးရင်သူကို ငွေချေးထားတယ်ဆိုပြီး ငွေဘယ်လောက်ပေးဆိုပြီး ငွေညှစ်ပါတယ်။ငွေညှစ်ပြီးတော့ ဒီလူတွေဟာငွေညှစ်လို့ အဲဒီလူကမပေးဘူးဆိုရင် သူ့ရဲ့ရရှိသွားတဲ့ Contact List ဖုန်းနံပါတ်တွေ၊ သူ့ရဲ့ ဆက်သွယ်လို့ရတဲ့ လူရဲ့ဖုန်းနံပါတ်တွေကို အကုန်လိုက်ဆက်ပြီးတော့ အရှက်ခွဲတာတွေ၊ ခြိမ်းခြောက်တာတွေ ဆဲဆိုတာတွေ အဆက်မပြတ်ဖုန်းဆက်ပြီး ခြိမ်းခြောက်တာတွေလုပ်ပါတယ်။ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဒါနစ်နာသူများရဲ့ ပြောကြားချက်ဖော်ထုတ်ချက်အရ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုလောလောဆယ်မှာ တရားခံ ၁၃ ဦးဖမ်းဆီးရမိပြီးဖြစ်တယ်။ ကျန်တဲ့တရားခံတွေကိုလဲ ကျွန်တော်တို့ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကို အသိပေးချင်တာက ယခင်ကလည်း ကျွန်တော် ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီ Online လိမ်လည်မှုဆိုတာသည် ဒါလောက်ကိုင်ဘက်မှာ ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်ပြောခဲ့ပြီးဖြစ်တယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို လိမ်လည်တာလဲမဟုတ်ဘူး မြန်မာနိုင်ငံက တရုတ်နိုင်ငံကို လိမ်လည်တာလဲမဟုတ်ဘူး ဒီတရုတ်နိုင်ငံထဲမှာ လိမ်လည်ပြီး ရာဇဝတ်မှုကျူးလွန်ပြီး ပြည်ပြေးဖြစ်နေတဲ့သူတွေက နှစ်နိုင်ငံကသူတွေအားလုံးကို နှစ်နိုင်ငံက ပြည်သူလူထုနှစ်ရပ်လုံးကို လိမ်လည်တာဖြစ်ပါတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး နစ်နာတဲ့ပြည်သူလူထုနစ်နာတဲ့ဟာကိစ္စတွေရှိပါလိမ့်မယ် ဒါတွေကို ရဲရဲဝံ့ဝံ့ဖော်ထုတ်တိုင်ကြားဖို့လိုပါတယ်။ ကျွန်တော်ထပ်ပြီး အသိပေးလိုတာကတော့ ဒီလိုအဖြစ်ပျက်မျိုးတွေကို သက်ဆိုင်ရာကို ရဲရဲဝံ့ဝံ့ဖော်ထုတ်အသိပေးဖို့လိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ပြည်သူလူထုရဲ့ ချွေးနဲ့စာ ကျွန်တော်တို့ပြည်သူလူထုရဲ့ လုပ်အားနဲ့ရရှိထားတဲ့ငွေတွေကို သက်သက်အမြတ်ထုတ် ကုပ်သွေးစုပ်တာဖြစ်ပါတယ်။ဒါတွေကို ကျွန်တော်တို့က တိုက်ဖျက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ AA သောင်းကျန်းသူတွေရဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြောလိုပါတယ်။ AA သောင်းကျန်းသူတွေအနေနဲ့ အခုရက်ပိုင်းအတွင်းမှာမွတ်စလင်အသိုင်းအဝိုင်းနဲ့ပတ်သက်ပြီးတော့ ထူးထူးခြားခြားပြောဆိုနေတာတွေ၊ ထုတ်လွှင့်နေတာတွေကို တွေ့ရပါတယ်။ ပထမဦးဆုံးအနေနဲ့ မောင်တောဒေသမှာရှိတဲ့ ဒေသလုံခြုံရေးတာဝန်ယူထားတဲ့နယ်စပ်ဒေသကာကွယ်ရေးရဲတွေ၊ရဲစခန်းတွေကို သူတို့တိုက်ခိုက်ခဲ့တယ်။ တိုက်ခိုက်ခဲ့တဲ့နေရာမှာ တချို့ရဲ့စခန်းတွေက ဆုတ်ခွာပေးလိုက်ရတယ်။ဆုတ်ခွာပေးလိုက်တာနဲ့ AA အနေနဲ့ သတင်းတစ်ခုထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီသတင်းက ဘာလဲဆိုတော့ နယ်ခြားစောင့်ရဲတွေအနေနဲ့ ARSA အကြမ်းဖက်သောင်းကျန်းသူတွေကို လက်နက်တွေရောင်းချခဲ့တယ်ဆိုတဲ့ သတင်းမျိုးကို မဟုတ်မမှန်ထုတ်လွှင့်ခဲ့တာရှိပါတယ်။ အမှန်တော့ ဒီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ ARSA ဘင်္ဂါလီသောင်းကျန်းသူအဖွဲ့တွေက အရင်ကတည်းကအဆက်အသွယ်ရှိပြီးဖြစ်ပါတယ်။ သူတို့ရဲ့အဓိကအဆက်အသွယ်ကတော့ မူးယစ်ဆေးဝါးလုပ်ငန်းပဲဖြစ်တယ်။ စိတ်ကြွရူးသွပ်ဆေးပြားများ၊ WY ဆေးပြားများ၊ ICE မူးယစ်ဆေးဝါးများကို AA အဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်ထဲအထိ သွင်းယူလာတာဖြစ်ပါတယ်။ ဒီဟာတွေက ဘယ်ကနေထွက်တယ်၊ ဘယ်နေရာကနေသွားတယ်ဆိုတာ အထောက်အထားအပြည့်အစုံနဲ့ AA က အဖွဲ့ဝင်တွေ အရာရှိကြီးများကိုယ်တိုင် သူတို့ပြောနေတဲ့ AA ရဲ့စစ်ဘက်သူတို့ခေါင်းဆောင်လို့ ပြောနေတဲ့သူများကိုယ်တိုင် ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ အကြိမ်ကြိမ်လည်း ဖမ်းဆီးရမိပြီးဖြစ်ပါတယ်။ သက်သေအထောက်အထားနဲ့လည်း ကျွန်တော်တို့ထုတ်ပြန်ပြီးဖြစ်တယ်။ ဒီဟာတွေကို အဓိကပင်လယ်ထွက်ပေါက်ကနေပို့တာရှိတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲကို ပို့တာရှိတယ်။ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာလည်း မကြာခဏဖမ်းဆီးရမိတာရှိတယ်။ နယ်စပ်အထိ AA အဖွဲ့က တာဝန်ယူပြီး ဟိုဘက်မှာ ARSA အဖွဲ့နဲ့ချိတ်ပြီး လွှဲပြောင်းပြီးဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနေရာမှာ ရဲစခန်းတွေကဆုံးရှုံးခဲ့ရတဲ့လက်နက်တွေကို ARSA အဖွဲ့ကို ထောက်ပံ့ပြီးတော့ သူတို့ထောက်ပံ့တယ်ဆိုတာမဖြစ်အောင် ပြီးရင်စောင့်ကြည့်နေတဲ့ ရခိုင်ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။နောက်တစ်ခုက ဒီရက်ပိုင်းအတွင်းမှာပဲ AA အနေနဲ့ တပ်မတော်က ရခိုင်မှာရှိတဲ့ အဓိကကတော့ ဘူးသီးတောင်-မောင်တောမှာရှိတဲ့မွတ်စလင်တွေကို စစ်သားစုဆောင်းနေတယ်ဆိုပြီး ကောလာဟလတွေ ဆက်တိုက်ထုတ်လွှင့်နေတာရှိပါတယ်။ ဘူးသီးတောင်-မောင်တောမှာရှိတဲ့ မည်သည့်မွတ်စလင်အသိုင်းအဝိုင်းကိုမဆို၊ မည်သည့်မွတ်စလင်ကျေးရွာကိုမဆို မေးမြန်းလို့ရပါတယ်။ စစ်သားစုဆောင်းခြင်းမရှိပါဘူး။ ဒီဒေသတွေမှာ မွတ်စလင်ရွာတွေနဲ့ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့တွေက အတူယှဉ်တွဲနေထိုင်လာတာနှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါတယ်။ ဒါတွေကို ဒီနေ့မှာဆိုရင် ဘူးသီးတောင်-မောင်တောဘက်မှာ AA အနေနဲ့ မွတ်စလင်ကျေးရွာတွေက ကိုယ်စားလှယ်တွေခေါ်ပြီး အစည်းအဝေးလုပ်ခဲ့ပါတယ်။ဒီအစည်းအဝေးမှာ သူတို့အနေနဲ့ ဒီအဖွဲ့တွေကို တပ်မတော်နဲ့မပူးပေါင်းဖို့ AA နဲ့ပူးပေါင်းဖို့ AA တပ်ထဲမှာ ဝင်ပါဖို့ခြိမ်းခြောက်ပြောဆိုခဲ့တာရှိပါတယ်။ အခွင့်အရေးတွေပေးသွားမယ်ဆိုပြီး ပြောဆိုခဲ့တာလည်းရှိပါတယ်။ သူတို့ပြောဆိုခဲ့တဲ့အထောက်အထားတွေအားလုံးလည်းရှိပါတယ်။ နောက်တစ်ခုကတော့ ဘူးသီးတောင်မြို့နယ်ရဲ့ မောင်တောဘက်အထွက်မှာရှိတဲ့ လက်ဝဲတက်ပုဒွန်ချောင်း မွတ်စလင်ကျေးရွာတွေကို ဒီနေ့နံနက်မှာ AA အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်ကို သတင်းပေးတယ်ဆိုပြီး မီးရှို့ဖျက်ဆီးတာရှိပါတယ်။ အနည်းဆုံးအိမ်ခြေ ၇၀၀ လောက်အထိ ဆုံးရှုံးခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရသူတွေလည်းရှိခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့ကတော့ ဘူးသီးတောင်မြို့မှာရှိတဲ့ မွတ်စလင်လူမှုကူညီရေးအသင်းနဲ့ ပူးပေါင်းပြီးပြန်လည်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။


## ဗန်းမော်မြို့အဝင် ၅ မိုင်ဂိတ်မှာ အရပ်သား ၁၄ ယောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် ဗန်းမော်မြို့အဝင် ၅ မိုင်ဂိတ်မှာ အရပ်သား ၁၄ ယောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း အဆိုပါဖမ်းဆီးခံရသူများသည် ဖေဖော်ဝါရီ ၁၈ ရက်က မံစီမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA၊ PDF အမည်ခံအကြမ်းဖက်သမားများ နှစ်ဖက်တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ဗန်းမော်မြို့သို့ ခေတ္တတိမ်းရှောင်လာသူများဖြစ်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက် ဖေဖော်ဝါရီ ၁၇ ရက်ကလည်း ၎င်းဂိတ်တွင် ဖမ်းဆီးမှုများရှိကြောင်း ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာအချို့က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဗန်းမော်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် မြို့အဝင်၊ အထွက်နေရာများကို လုံခြုံရေးအရစစ်ဆေးမေးမြန်းမှုများဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းအရပ်သား ၁၄ ယောက်ကို ဖမ်းဆီးထားသည်ဆိုသော သတင်းမှာလည်း မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

ဗန်းမော်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုက်ပွဲများတွင် ထိခိုက်သေဆုံးမှုများ ပြားခြင်းကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို အတင်းအဓမ္မ လူသစ်စုဆောင်းလျက်ရှိသဖြင့် ဒေသခံလူငယ်များက နီးစပ်ရာမြို့ကြီးများသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်းနှင့် မိဘပြည်သူများ၊ လူငယ်လူရွယ်များ စိုးရိမ်ထိတ်လန့်စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ကောလာဟလသတင်းမှားများကို ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9)နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများ ကြည့်ရှုအားပေး





**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်နှင့် မဟာအောင်မြေခရိုင်အတွင်း အခြေခံပညာကျောင်းများရှိ စာဖြေဌာနများတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုသို့ကြည့်ရှုရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံ ခရိုင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၄)၊ အမှတ်(၈)နှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းများသို့လည်းကောင်း၊ မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းသို့လည်းကောင်းသွားရောက်၍ စာဖြေခန်းများတွင် ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများ၊အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အခြားအရပ်ဒေသများမှ ဝင်ရောက်ဖြေဆိုနေသည့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၃-၂၀၂၄ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း (Grade-5) နှင့်အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်စာဖြေဌာနများတွင် ဖေဖော်ဝါရီ ၂၂ရက်မှ စတင်၍ ဖြေဆိုကြလျက်ရှိပြီး ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုကြကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့်အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများပူးပေါင်းဆောင်ရွက်ကာ စနစ်တကျစောင့်ကြပ်ကြည့်ရှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တရားမဝင် Online လောင်းကစားဂိမ်းများနှင့်ငွေကြေးလိမ်လည်မှုများပြုလုပ်နေသည့် ထိုင်းနိုင်ငံသူနိုင်ငံသား ၁၄၈ ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသူနိုင်ငံသားဦးရေ ၅၄၀ စုစုပေါင်း ၆၈၉ ဦးတို့ကို ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**


တရားမဝင် Online လောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများပြုလုပ်နေသည့် ထိုင်းနိုင်ငံသူ၊နိုင်ငံသား ၁၄၈ ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့်မြန်မာနိုင်ငံသူ၊ နိုင်ငံသားဦးရေ ၅၄၀ စုစုပေါင်း ၆၈၉ ဦး တို့ကို ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါတရားမဝင် Onlineလောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်သူများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် တိုးနယားလမ်းရှိ ကျော်သိန်း(ခ)ခွန်မောင်ညို ပိုင်ဆိုင်သော ခြံဝင်းအတွင်း၌ တရားမဝင် Onlineဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများပြုလုပ်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် ဝင်ရောက်ရှာဖွေစစ်ဆေးရာ ထိုင်းနိုင်ငံသူ၊နိုင်ငံသား ၁၄၈ဦး၊ တရုတ်နိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားဦးရေ ၅၄၀ စုစုပေါင်း ၆၈၉ ဦး တို့ကို မော်တော်ယာဉ် ရှစ်စီး၊ မော်တော်ဆိုင်ကယ်အစီး ၁၂၀၊Online ဂိမ်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် Desktop ကွန်ပျူတာများနှင့်အတူ ဖမ်းဆီးရမိသည်။

ယခုကဲ့သို့ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားများနှင့် တရုတ်နိုင်ငံသားတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို တရားဥပဒေအတိုင်း ဆက်လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။



**တရားမဝင်အွန်လိုင်းဂိမ်းနှင့် ငွေကြေးလိမ်လည်သူများ နေထိုင်ကြသည့် အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။**



**တရားမဝင်အွန်လိုင်းဂိမ်းနှင့် ငွေကြေးလိမ်လည်သူများ အသုံးပြုသည့် Desktop ကွန်ပျူတာများ မှတ်တမ်းဓာတ်ပုံ။**

# ပြည်မြို့၌ တည်းခိုနေသည့် ရခိုင်တိုင်းရင်းသားများဦးရေ ၂၀ ထက်မနည်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ





**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တည်းခိုခန်းများတွင် ဖေဖော်ဝါရီ ၂၂ ရက်က ဧည့်စာရင်းစစ်ဆေးပြီး ရခိုင်တိုင်းရင်းသားမှတ်ပုံတင်ကိုင်ဆောင်သူဦးရေ ၂၀ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း အထင်အမြင်လွဲမှားဖွယ် ကောလာဟလ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရခိုင်တိုင်းရင်းသားမှတ်ပုံတင်ကိုင်ဆောင်သူဦးရေ ၂၀ကျော်ကို ဖမ်းဆီးသည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားထားခြင်းဖြစ်ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများဝင်ရောက်လှုပ်ရှားမှု မရှိစေရန်နှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ဧည့်စာရင်း စစ်ဆေးခြင်းများ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက် မီဒီယာများက အထင်အမြင် လွဲမှားစေရန်အတွက် ကောလာဟလ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# Mashala Tech Co.,Ltd အမည်ရှိ Online ချေးငွေလုပ်ငန်းဖြင့် အများပြည်သူများထံမှ ကုပ်သွေးစုပ် ငွေကြေးအမြတ်ထုတ် လိမ်လည်လုပ်ကိုင်နေသည့်အဖွဲ့ကို ဖမ်းဆီးရမိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မိဘပြည်သူများကို Online မှတစ်ဆင့် အတိုးနှုန်းမြင့်မားစွာဖြင့် ချေးငွေပေးခြင်းများ ပြုလုပ်၍ ၎င်းချေးငွေများကို အမြန်ဆုံးပြန်လည်ပေးသွင်းစေခြင်း၊ ပေးသွင်းခြင်းမရှိပါက အဆိုပါချေးငွေရယူစဉ် နည်းပညာအသုံးပြု၍ ၎င်းတို့ရယူထားသည့် အချက်အလက်များကိုအသုံးချကာ ခြိမ်းခြောက်ငွေတောင်းခံခြင်း စသည်ဖြင့် ငွေကြေးလိမ်လည်မှုများ ပြုလုပ်လျက်ရှိကြောင်း လိမ်လည်ခံရသူများ၏ တိုင်ကြားချက်များ၊ အခြားသတင်းအချက်အလက်များအရ သိရှိရသဖြင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မူခင်းရဲတပ်ဖွဲ့တို့ကပူးပေါင်း၍ ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် Diamond Condo Tower A ခြောက်လွှာ အခန်း(၆၀၄)ကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။



ဗဟန်းမြို့နယ် ရွှေဂုံတိုင် Excel Tower ငါးလွှာ အခန်း(၅၀၂)ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဆက်စပ်သတင်းများအရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၉)ရပ်ကွက် နတ်မောက်လမ်း အမှတ်(၄၅၈/က)၌ နေထိုင်သူ မဆုရည်နွယ် (ဘ) ဦးဝင်းဦးသည် အွန်လိုင်းချေးငွေကိစ္စရပ်များနှင့်ပတ်သက်၍ ဖုန်းဆက်ခြိမ်းခြောက်ကာ ငွေကြေးတောင်းခံမှုများ ပြုလုပ်နေကြောင်း သိရှိရသဖြင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၎င်းကို လိုအပ်သည့်စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ၎င်းသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလခန့်တွင် TikTok လူမှုကွန်ရက်စာမျက်နှာမှ တွေ့ရှိသည့် Mashala Tech CO., Ltd အမည်ရှိ အွန်လိုင်းချေးငွေ ဝန်ဆောင်မှုလုပ်ငန်း၊ Team - A တွင် ချေးငွေကောက်ခံသူအဖြစ် တစ်လလျှင် လစာ ငွေကျပ် ၃၂၀၀၀၀ ဖြင့် စတင်ဝင်ရောက်ခဲ့ကြောင်း ကနဦးသိရှိရသည်။

မဆုရည်နွယ်၏ ထွက်ဆိုချက်များအရ Mashala Tech CO., Ltd အမည်ရှိ Online ချေးငွေလုပ်ငန်းဖြင့် အများပြည်သူများထံမှ ကုပ်သွေးစုပ်ငွေကြေးအမြတ်ထုတ် လိမ်လည်လုပ်ကိုင်နေသူများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၂ ရက်ထိ ဖော်ထုတ်ဖမ်းဆီးခဲ့ရာ မမြတ်စန္ဒာဝင်း (ခ) စန္ဒာ အပါအဝင် စုစုပေါင်းတရားခံ ၁၃ ဦးကို ၎င်းတို့ လိမ်လည်ရာတွင်အသုံးပြုသည့် ပစ္စည်းများဖြစ်သည့် Laptop ၁၃၃ လုံး၊ လက်ကိုင်ဖုန်း ၁၀ လုံး၊ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



မရမ်းကုန်းမြို့နယ် Gandamar Residence ခြောက်လွှာ အခန်း(၆၀၂)ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။



ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒို Building E ငါးလွှာ အခန်း(၅၀၁)ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။

စိစစ်ချက်များအရ အထက်ပါ Mashala Tech CO.,Ltd ကို ဦးဇေယျာမင်း (ဘ) ဦးအောင်မင်း တစ်ဦးတည်းအမည်ဖြင့် မှတ်ပုံတင်ထားသော်လည်း အမှန်တကယ် လုပ်ငန်းလုပ်ကိုင်နေသူမှာ တရုတ်နိုင်ငံသား Mr. Yu Linfeng (ခ) Willian ဖြစ်ကာ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ်(၄၄/၅၆) MMG Tower ခြောက်လွှာ အခန်း(၆၀၄)တွင် ဖွင့်လှစ်ထားရှိကြောင်း၊ Mr. Yu Linfeng သည် ဇန်နဝါရီ ၅ ရက်၌ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားရာမှ မြန်မာနိုင်ငံသို့ **စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

ပြန်လည်ဝင်ရောက်ခြင်း မရှိသေးကြောင်း၊ ကုမ္ပဏီအနေဖြင့် အွန်လိုင်းချေးငွေ လုပ်ငန်းများ လုပ်ကိုင်ရာတွင် Mr. Yu Linfeng က ဦးဆောင်ပြီး ဖမ်းဆီးရမိပြီးဖြစ်သည့် HR ဝန်ထမ်းဖြစ်သူ မြတ်စန္ဒာဝင်း၊ Assistant HR ဝန်ထမ်းများဖြစ်သူ ဖမ်းဆီးရမိပြီးဖြစ်သည့် မမို့မို့အောင်နှင့် ဖမ်းဆီးရန်ကျန် ကျော်မင်းဖြိုးတို့က ကြီးကြပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့၏ ကြီးကြပ်မှုအောက်တွင် အွန်လိုင်းချေးငွေများ ရယူလာစေရေး ဆွဲဆောင်သည့်အဖွဲ့၊ ချေးငွေ Application Download ပြုလုပ်ရန် ခိုင်းစေသည့်အဖွဲ့၊ ချေးငွေ လျှောက်လွှာစိစစ်သည့်အဖွဲ့နှင့် ချေးငွေပြန်လည်ခြိမ်းခြောက် တောင်းခံသည့်အဖွဲ့ဟူ၍ အဖွဲ့ လေးဖွဲ့ခွဲကာ လုပ်ကိုင်လျက်ရှိကြောင်း။

ချေးငွေလျှောက်လွှာစိစစ်သည့်အဖွဲ့ကို ဖမ်းဆီးရမိပြီးဖြစ်သည့် Leader ဖြစ်သူ မလွင်မေချစ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ ချေးငွေပြန်လည်ခြိမ်းခြောက်တောင်းခံသည့်အဖွဲ့ကို Team A, E, J, N, S, X အဖွဲ့ ခြောက်ဖွဲ့ခွဲထားပြီး Team-A တွင် ဖမ်းဆီးရမိပြီးဖြစ်သည့် Leader ဖြစ်သူ မဝေဖြိုးသွယ်နှင့် Data Analysis ဖြစ်သူ မအေးမြင့်သူ အပါအဝင် ချေးငွေကောက်ခံသူ ၁၅ ဦး၊ Team-E တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ မောင်လဝန်းယံ အပါအဝင် ချေးငွေကောက်ခံသူ ၁၀ ဦး၊ Team-N တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ လင်းကောင်းခန့် အပါအဝင် ချေးငွေကောက်ခံသူ ၁၀ ဦး၊ Team-J တွင် ဖမ်းဆီးရမိပြီးဖြစ်သည့် Leader ဖြစ်သူ မရတနာ အပါအဝင် ချေးငွေကောက်ခံသူဦးရေ ၂၀၊ Team-S တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ မနှင်းလပြည့်နှင့် မောင်ဇာနည်ဖြိုး အပါအဝင် ချေးငွေကောက်ခံသူ ၁၆ ဦး၊ Team-X တွင် ဖမ်းဆီးရန်ကျန် Leader ဖြစ်သူ မပန်းအိမွှန်နှင့် မနှင်းအိခိုင် အပါအဝင် ချေးငွေကောက်ခံသူဦးရေ ၂၀၊ စုစုပေါင်း ၉၁ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရန်ကျန် တရုတ်နိုင်ငံသားဖြစ်သူ Mr. Yu Linfeng (ခ) Willian နှင့် ဖမ်းဆီးရမိသူများဖြစ်သည့် မမြတ်စန္ဒာဝင်း(ခ)စန္ဒာ၊ မအေးမြင့်သူ(ခ) လူးလူးကို၊ ဆုရည်နွယ်၊ မဝေဖြိုးသွယ် (ခ) မဝေ၊ မင်းခန့်ကျော်၊ ဇော်ထက်အောင်၊ ကျော်ဇင်ထက်၊ မရတနာ၊ မလွင်မေချစ်၊ ရဲနိုင်ဝင်း၊ မမို့မို့အောင်၊ မင်းခန့်ကျော် (ခ) ခန့်ကျော်၊ ငြိမ်းချမ်းဆွေနှင့် မစုစုအေးတို့ကို အမှုဖွင့်လှစ်၍ တရားဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။





**ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ်(၄၄/၅၆) MMG Tower ခြောက်လွှာ အခန်း(၆၀၄)ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။**




**တရားမဝင် Online ငွေကြေးလိမ်လည်မှုပြုလုပ်နေသည့် တရားခံများကို မော်တော်ယာဉ် တစ်စီး၊ Laptop များ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။**



**ကမာရွတ်မြို့နယ် (၈)ရပ်ကွက် ပြည်လမ်း လှည်းတန်းစင်တာ လေးလွှာ အခန်း (၄၀၂)ရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။**



**ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း အမှတ်(၈၉/ဘီ) နှစ်လွှာရှိ ရုံးခန်းကို ဝင်ရောက်ရှာဖွေစဉ် တွေ့မြင်ရသည့် မှတ်တမ်းဓာတ်ပုံ။**







**တရုတ်နိုင်ငံသား Yu Linfeng (ဝီလီယံ)၏ Passport-EI642374 မှတ်တမ်းဓာတ်ပုံ။**

Mashala Tech CO.,Ltd ကုမ္ပဏီအနေဖြင့် Morning Cash၊ Smile Loan၊ Cash Loop၊ WA Wallet၊ PK Cash၊ AJ Cash၊ Morning Wallet၊ Sky Cash၊ Happy Cash၊ Sun Bag၊ Zuri Loan နှင့် Quick Cash စသည့် ချေးငွေ Application များကို အများပြည်သူ မြင်သာနိုင်ရန် Wave Money Application တွင် ထည့်သွင်းကြော်ငြာခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ချေးငွေရယူလိုသူများအနေဖြင့် အဆိုပါ Application များကို Download ပြုလုပ်၍ ဖုန်းအတွင်း Install ပြုလုပ်ပြီးပါက Register ပြုလုပ်ရန်အတွက် ချေးငွေပုံစံဖြည့်သွင်းရာတွင် အမည်၊ ဓာတ်ပုံ၊ ဖုန်းနံပါတ်၊ ငွေလက်ခံမည့် KBZ Pay/ Wave Pay အကောင့်များ၊ နိုင်ငံသားစိစစ်ရေးကတ်(ရှေ့၊ နောက်) ဓာတ်ပုံနှင့် Gmail တို့ကို ဖြည့်သွင်းပေးရကြောင်း၊ ဖုန်းတွင် Permission Access တောင်းခံပြီး ချေးယူလိုသူက Allow ပြုလုပ်ပါက Gmail ချိတ်ဆက်ထားသည့် ဖုန်း Contact များအားလုံးကို Application က တရားမဝင်ရရှိသွားကြောင်း၊ ထိုသို့ပြုလုပ်ပြီးနောက် ချေးငွေရယူလိုသူများထံ ချေးယူမည့်ငွေပမာဏ၏ ၃၀ ရာခိုင်နှုန်းကို အတိုးဖြတ်တောက်၍ KBZ Pay/ Wave Pay မှတစ်ဆင့်လွှဲပြောင်းပေးပြီး အနည်းဆုံး ငွေကျပ် ၃၀၀၀၀ မှ အများဆုံး ငွေကျပ် ၃၀၀၀၀၀ ထိ ချေးပေးကြောင်း၊ ထို့နောက် ချေးယူငွေများကို တစ်ပတ်အတွင်း ပြန်လည်ပေးဆပ်စေပြီး ကုမ္ပဏီဝန်ထမ်းများအနေဖြင့် ချေးငွေရယူထားသူများကို ဖုန်းဖြင့် ခေါ်ဆိုခြင်း၊ Viber သို့မဟုတ် SMS မှတစ်ဆင့် ချေးငွေပေးဆပ်ရန် ဆက်သွယ်တောင်းဆိုခြင်းများပြုလုပ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ခြင်းမရှိသူများနှင့် ၎င်းဖုန်းအတွင်းမှ Contact Person များကို ဖုန်းဖြင့် ဆက်သွယ်၍ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်သည့်အပြင် လူမှုကွန်ရက်စာမျက်နှာများတွင် အရှက်တကွဲဖြစ်စေရန် ခြိမ်းခြောက်ပြောဆိုခြင်းများ ပြုလုပ်ကြောင်း သိရှိရသည်။

ငွေကြေးလိမ်လည်သူများအနေဖြင့် အဖွဲ့များဖွဲ့၍ အထက်ပါနည်းလမ်းများအပါအဝင် အခြားနည်းလမ်းမျိုးစုံဖြင့် ငွေကြေးအမြတ်ထုတ်လျက်ရှိပြီး အများပြည်သူများ သတိပြုမိနိုင်စေရေးအတွက် ဖြစ်စဉ်တစ်ခုအနေဖြင့် ဖော်ပြရမည်ဆိုပါက အသေးစားစားသောက်ကုန်ဖြန့်ချိရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံသို့ ငွေကြေးလိမ်လည်သူများအနေဖြင့် Delivery Service အသွင် ဖုန်းဖြင့်ဆက်သွယ်၍ ၎င်းတို့ Service ကို စမ်းသပ်အသုံးပြုရန် ဆက်သွယ်ခဲ့ကြောင်း၊ ထို့နောက် ဖုန်းဖြင့်ဆက်သွယ်ခြင်း၊ Viber မှ Video Call များခေါ်ဆိုခြင်းများ ပြုလုပ်ပြီး ယုံကြည်မှုရရှိစေရန် ဆောင်ရွက်ကာ လုပ်ငန်းနှင့်ပတ်သက်၍ စာချုပ်ချုပ်ခြင်း၊ လျှောက်လွှာတင်ခြင်းများ ဆောင်ရွက်ရန်အတွက် Application တစ်ခုကို Download ပြုလုပ်စေခဲ့ပြီး Permission များ တောင်းသည့်အခါတွင် Allowed၊ Accept များပြုလုပ်စေခဲ့ကာ လုပ်ငန်းရှင်ဖြစ်သူ၏ဖုန်းအတွင်းမှ Contact၊ Call log၊ SMS၊ Photo၊ Video၊ G-Mail၊ K pay၊ Wave pay အသုံးပြုသည့် ဖုန်းနံပါတ်များ အပါအဝင် ကိုယ်ရေးကိုယ်တာအချက်အလက်များကို နည်းပညာဖြင့် Hack ၍ တရားမဝင်ရယူခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ပြီး ရက်ပိုင်းအတွင်း၌ **စာမျက်နှာ ၂၃ သို့**

**စာမျက်နှာ ၂၂ မှအဆက်**

လုပ်ငန်းရှင်ဖြစ်သူ၏ Kpay အတွင်းသို့ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ငွေပမာဏတူ ငွေလွှဲခြောက်ကြိမ်ရောက်ရှိလာခဲ့ပြီး ဖုန်းနံပါတ်တစ်ခုဖြင့် ဆက်သွယ်ကာ ဖုန်းနံပါတ်လွဲမှား၍ ငွေပေးပို့မိသည့်အသွင်ဖြင့် ပြောဆို၍ ငွေများကို ပြန်လည်လွှဲစေခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် ဖုန်းနံပါတ်မျိုးစုံဖြင့် ဆက်သွယ်၍ ၎င်းတို့ထံမှ ရယူထားသည့် Online ချေးငွေများကို ပြန်လည်ပေးဆပ်ရန် ဆက်တိုက်ပြောဆိုခဲ့သောကြောင့် လုပ်ငန်းရှင်က ၎င်းအနေဖြင့် မည်သည့်ချေးငွေမျှ ရယူထားခြင်းမရှိကြောင်း၊ မသိကြောင်းပြောဆိုရာတွင် ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်ကိုသာမက ၎င်းတို့တရားမဝင်ရယူထားသည့် လုပ်ငန်းရှင်၏ Contact အတွင်းမှ ဆွေမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များထံသို့လည်း ဆက်သွယ်အရှက်ခွဲခြင်းများ၊ သိက္ခာချခြင်းများ ပြုလုပ်လာသဖြင့် လုပ်ငန်းရှင်အနေဖြင့် ချေးယူထားခြင်းမရှိသည့် ငွေကြေးပမာဏတစ်ခုကို မတတ်သာတော့သဖြင့် လွှဲပေးလိုက်ရကြောင်း၊ ထိုသို့လွှဲပေးခဲ့ရပြီး နှစ်ရက်ခန့်အကြာတွင်လည်း Viber မှတစ်ဆင့် Video Call ခေါ်ထားသည့်ပုံများ၊ ဖုန်းအတွင်းမှ ကိုယ်ရေးကိုယ်တာပုံများ၊ မှတ်ပုံတင်များဖြင့် ခြိမ်းခြောက်၍ ငွေကြေးပမာဏတစ်ခုကို ထပ်မံခြိမ်းခြောက်တောင်းဆိုခဲ့ပြီး လုပ်ငန်းရှင်က ပေးဆောင်နိုင်ခြင်းမရှိသောအခါ အထက်တွင်ဆောင်ရွက်ခဲ့သည့်အတိုင်း လုပ်ငန်းရှင်၏ Contact အတွင်းမှ ဆွေမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဖက်များထံသို့ ဆက်သွယ်အရှက်ခွဲခြင်းသာမက လူမှုကွန်ရက်စာမျက်နှာများ၌ လုပ်ငန်းရှင်၏ ဓာတ်ပုံများ၊ ဖုန်းနံပါတ်များ၊ မှတ်ပုံတင်များတင်၍ အကြွေးဖက် PDF ဖြစ်ကြောင်း စသည့်နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် ငွေကြေးလိမ်လည်မှုများ ပပျောက်စေရေးအတွက် မိမိတို့ပတ်ဝန်းကျင်တွင် အထက်ပါဖြစ်စဉ်များကဲ့သို့ ငွေကြေးနှင့်ပတ်သက်သည့် မသင်္ကာဖွယ်ရာအပြုအမူများနှင့် လိမ်လည်မှုဆောင်ရွက်နေသည်ဟု ယူဆရမှုများကို တွေ့ရှိရပါက တာဝန်ရှိသူများထံသို့ အမြန်ဆုံး အကြောင်းကြားခြင်းဖြင့် ပူးပေါင်းပါဝင် တိုက်ဖျက်နိုင်ကြရန်နှင့် ငွေကြေးလိမ်လည်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ သတိပြုနိုင်စေရေး သတင်းထုတ်ပြန်အပ်ပါသည်။


ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

Certificate of Incorporation

MASHALA TECH COMPANY LIMITED

Company Registration No. 134491388

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ အရ

MASHALA TECH COMPANY LIMITED

အား ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင်

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထား သည့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ

အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုလိုက်သည်။

This is to certify that

MASHALA TECH COMPANY LIMITED


was incorporated under the Myanmar Companies Law 2017 on 10 August 2022 as a Private Company Limited by Shares.


ကုမ္ပဏီမှတ်ပုံတင်အရာရှိ

Registrar of Companies

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Directorate of Investment and Company Administration












Officer Details

Close

Officer Type
Director

| Effective Date | Last Changed Date | Cessation Date |
|---|---|---|
| 10/08/2022 | 10/08/2022 | |

Full Name in English: ZAYAR MIN

Former Name in English: -

Full Name in Myanmar: ဇေယျာမင်း

Former Name in Myanmar:

Nationality: Myanmar

N.R.C (for Myanmar citizens)/Passport(for foreign individuals): 13/YASANA(N)135336

Other Nationalities, if applicable

Business Occupation

Gender: Male

Date of Birth: 01/07/1984

Phone number: 09403337869

Email address: lyu80497@gmail.com

Address: BANYAR NYUNT STREET, 4TH FLOOR,ROYAL THAZIN CONDO, DAGON TOWNSHIP, YANGON REGION, MYANMAR

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Juky Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက်နေ ခင်ဖြူဖြူသန့်အား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် အေးသာယာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ၆၀၄၇ ဧကကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်လျာထား စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ သီးနှံစုံ ၆၀၄၇ ဧကတွင် မြေပဲ ၃၅၉၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၉၄ ဧက၊ မတ်ပဲ ၂၀၄ ဧက၊ ပဲတီစိမ်း ၁၅၃ ဧက၊ ဗိုလ်ကိတ်ပဲ ၅၈၈ ဧက၊ ပိုက်ဆန်လျှော် ၂၁၂ ဧက၊ ဖူးစားပြောင်း ၂၈၇ ဧက၊ ငရုတ် ၆၄ ဧက၊ ဟင်းသီးဟင်းရွက် ၇၂၈ ဧကဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ သီးနှံစုံ ၆၀၄၇ ဧကထိလျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ သီးနှံစုံလျာထားဧကအားလုံး စိုက်ပျိုးပြီးပါပြီ။ ဆောင်းသီးနှံစုံလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာ ပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲမှု နည်းစနစ်များမှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ငပုတောမြို့နယ် စိုက် ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် ဟယကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟယကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်း ပြောကြားပြီး ဟယကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟယကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ဦးကို ငွေကျပ် ၃၉၆သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သိန်း ၃၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သိန်း ၃၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



# ရေနံချောင်းမြို့နယ် ပေတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဝက်မစွတ်ကျေးရွာအုပ်စု ပေတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ပေတောကျေးရွာ၌ ပဥ္စမအကြိမ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၃ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ၂၄၅ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နော်လူး**

## လမြတ်တပို့တွဲ ထမနဲ

- ဆောင်းသက်သေ တပို့တွဲမှာလ
ပေါက်လဲတို့ ဖူးငုံစီ၊
မြူမင်းလွင် လေအသိမ့်ကယ်ငဲ့
ချမ်းစိမ့်လေပြီ၊
မာဃနက္ခတ် ကုံရာသီ
အခါတော်မီ ရှုမြင်သေး၊
တလင်းမြေ ကော်ဇောခင်းလို့
ဆီးနှင်းကဖွေး။

- ရှစ်တိုင်းခွင် အလွန်အေးပါလို့
တူစုံမနွေး ကျင်းပလာ၊
ရိုးရာအမွေ ဘယ်မမေ့
ဓလေ့ချိန်ခါ၊
လုံချည်ပုဆိုး ခါးတောင်းကျိုက်ကာ
မြိုင်လှစွာ အားပြိုင်နွှဲ၊
ဩဘာသံ အတီးမှုတ်နဲ့
(အကစုံစွာလေ)
အဟုတ်လုပ်တဲ့ပွဲ။

- ကောက်ညှင်းကို နှမ်းမြေပဲနှင့်
ဆီစိုရွှဲလို့ ပြုလုပ်ပေ၊
အုန်းသီးကြော် ဝိုင်းကူထောက်လို့
ယောက်မထိုးမွှေ၊
ချွေးပေါက်ချွေးသီး ကျလို့နေ
အားခွန်တွေ လုပ်အားပြ၊
ဒယ်အိုးကို မီးပြင်းပြင်းနှင့်
(ထမနဲကလေ)
ကောင်းခြင်းတွေရ။

- ဝတီသာ စန္ဒာလရယ်က
ရွှန်းမြမြဖြိုးဖျဟန်၊
ရှစ်တိုင်းခွင် ဝလာခွင်းလို့
လင်းလက်အားမာန်၊
ထွတ်မြတ်တဲ့ ဒါနအမှန်
လှူကြရန် ကုသိုလ်ပန်း၊
မင်္ဂလာဖိုလ်ညာဏ် အပါယ်ပိတ်ဖို့
(ထမနဲဆွမ်းကလေ)
နိဗ္ဗာန်ထိပ်လှမ်း။

**ကလေးလေး(ဟသ်ာတ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကား၊လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ထူးမြတ်သာမြဲ တပို့တွဲ

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

တပို့တွဲလဟာ ဆယ့်နှစ်ရာသီရဲ့ ဆယ့်တစ်လမြောက်လဖြစ်ပြီး ဇန်နဝါရီလနဲ့ဖေဖော်ဝါရီလအတွင်း ကျရောက်တတ်ရာ အခုနှစ်မှာ ဖေဖော်ဝါရီလအတွင်း ကျရောက်ပါတယ်။ ဆောင်းဥတုရဲ့နောက်ပိုင်းကာလဖြစ်ပြီး ရက်မစုံတဲ့လတစ်လဖြစ်ပါတယ်။ တပို့တွဲဆိုတဲ့ ဝေါဟာရမှာ "တပိုဝ်"ဆိုတဲ့စကားကနေ ဆင်းသက်လာတာဖြစ်ပြီး ထန်းဖူးကိုဆိုလိုတာဖြစ်ပါတယ်။ ကာလကြာတဲ့အခါ "တပို့"အဖြစ်ကို ပြောင်းလဲသွားပါတယ်။ "တွဲ"ဆိုတာက အသီးအခိုင်တွဲလောင်းကျတာကိုခေါ်ဆိုပါတယ်။ ဒါကြောင့် တပို့တွဲဆိုတာ "ထန်းဖူးတွေထွက်တဲ့လ" လို့အဓိပ္ပာယ်ရရှိပါတယ်။ ကျောက်စာအရေးအသားတွေမှာ "တပိုဝ်တွယ်၊ တပိုတွယ်၊ တပိုတွဲနှင့် တပို့ဝ်တွယ်"လို့ ရေးသားလေ့ရှိပါတယ်။ ဗေဒင်အခေါ်ဝေါ်အားဖြင့် ကုံရာသီဖြစ်ပြီး "နတ်၊ ပြာ၊ တွဲ၊ တောင်" ဆိုတဲ့စကားအရ နဂါးဦးခေါင်းမှာ တောင်အရပ်ကို လှည့်ပါတယ်။ အင်္ဂါနဲ့ကြာသပတေးနေ့တွေမှာ ရက် ရာဇာဖြစ်ကြပြီး ပြဿဒါးရက်တွေက တနင်္ဂနွေနဲ့ တနင်္လာနေ့တို့ဖြစ်ကြပါတယ်။

"နွေဦးကာလမြူထသောအခါ၊ ရင်းထောင်ရင်းဆွဲဆောင်မြဲအိုးလွယ်ကာ၊ ဓားနှီးထက်စွာခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်ရှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့တက်သည်နှင့်လေး" ဆိုသော တျာချင်းတစ်ပုဒ်ကို စာဆိုတော်ဝန်ကြီးပဒေသရာဇာက ရေးစပ်သီကုံးခဲ့ပါတယ်။ တပို့တွဲလဟာ နွေဦးကာလဖြစ်တာနဲ့အညီ ထန်းပင်တွေက ထန်းဖူးတွေစတင်ထွက်ရှိချိန်ဖြစ်ပါတယ်။ ထန်းတက်သမားတို့က ထန်းပြင်တဲ့လုပ်ငန်းဖြစ်တဲ့ ထန်းဆွဲမြူအိုးတွေကို စုဆောင်းကြပါတယ်။ ထန်းလျက်ကျိုချက်ရာမှာ ထင်းမီးအဖြစ်အသုံးပြုဖို့ ထန်းပပ်၊ ထန်းလက်နဲ့ပဲစင်းငုံရိုးတွေကို စုပုံထားရပါတယ်။ ရင်းထောင်၊ ရင်းဆွဲ၊ ထန်းလျက်ချက်ဖို၊ မိုးပြဒယ်၊ မြေအိုးကြီးတွေကိုလဲ အသင့်ပြင်ဆင်ထားရပါတယ်။ ထန်းတက်သမားမှာ ကလိုင်ချောင်းကိုကိုင်ပြီး အသွားထက်တဲ့ဓားနှီးကိုခါးမှာချိတ်ကာ ထန်းတက်ကြပါတယ်။ တပို့တွဲလရဲ့ဦးဆုံးထွက်ပေါ်တဲ့ "တပို့ဦးထန်းလျက်"က ချိုမြပြီး စားသုံးရာမှာလဲ နူးညံ့ကောင်းမွန်လှပါတယ်။

တပို့တွဲလမှာ ကျွဲတွေရဲ့ချိုဖျားထိ အေးတယ်လို့ အဆိုရှိခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက တပို့တွဲလမှာမီးလှုံတာမပြုဖို့ ရဟန်းတွေကို တားမြစ်တော်မူခဲ့ဖူးပါတယ်။ တားမြစ်ရတဲ့အကြောင်းက ထင်းမီးအပူရှိန်ကြောင့် မျက်စိကိုအရောင်ဝါးစေပြီး အသားအရေကိုခန်းခြောက်စေပါတယ်။ မီးလှုံနေစဉ် အပေါင်းအဖော်တွေနဲ့မွေ့လျော်ပြီး အကျိုးမရှိတဲ့စကားကို ပြောဆိုတတ်တာတွေကြောင့်ဖြစ်ပါတယ်။ ဒါပေမဲ့ တပို့တွဲလအကုန် တပေါင်းလအကူးကြားကာလရှစ်ရက်ဟာ အလွန်ချမ်းအေးတာကြောင့် ဒီရက်တွေအတွင်း ရဟန်းတွေကို မီးလှုံဖို့ရာခွင့်ပြုရှုံမက ဘုရားရှင်ကိုယ်တော်တိုင်ပင် မီးလှုံတော်မူခဲ့ပါတယ်။ ဒါကိုအစွဲပြုပြီး တပို့တွဲလမှာ မီးပုံပွဲကိုဆင်ယင်ကျင်းပကြပါတယ်။ ရှေးအခါက မီးပုံပွဲကျင်းပပုံမှာ အလှူရှင်တွေဟာ တောတောင်တွေကို သွားရောက်ပြီး နံ့သာထင်းတွေကိုခုတ်ယူကြပါတယ်။ ခုတ်ယူရရှိတဲ့ ထင်းတွေကိုစုပုံမီးရှို့ပြီး ဘုရားစေတီတွေကို မီးအပူဓာတ်နဲ့လှူဒါန်းပူဇော်ကြပါတယ်။ ယနေ့ခေတ်ကျင်းပပုံမှာ အမွှေးတိုင်၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သနပ်ခါးတုံး၊ ထင်းစည်းငယ်တွေကို မိမိတို့နေအိမ်ကယူဆောင်လာပြီး စေတီအနီးမှာ ပြုလုပ်ထားတဲ့ မီးဖိုထဲထည့်ကာမီးပူဇော်ကြပါတယ်။ ရှမ်းပြည်နယ်မှာ ဒီနေ့ထက်တိုင်ကျင်းပမြဲဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေက တပို့တွဲလလို့



ဆိုလိုက်တာနဲ့ ထမနဲပွဲကိုမြင်ယောင်ကြပါတယ်။ ထမနဲပွဲပေါ်ပေါက်လာပုံမှာ တစ်ရံရောအခါက မြတ်စွာဘုရားဟာ ရဟန်းတွေနဲ့အတူ အန္ဓဝိန္ဒရွာကို ဒေသစာရီကြွချီတော်မူပါတယ်။ ရွာသူရွာသားတွေမှာ ဆန်၊ ဆီ၊ ဆား၊ ဆေး စတဲ့လှူဖွယ်ဝတ္ထုတွေကို လှည်းနဲ့တင်ဆောင်ပြီး မြတ်စွာဘုရားကြွချီရာကို လာရောက်ကပ်လှူကြပါတယ်။ ဒီအချိန်မှာ မြတ်စွာဘုရားဟာ လေနာရောဂါဝေဒနာခံစားရတာကြောင့် အရှင်အာနန္ဒာကို ယာဂုဆွမ်းအလှူခံဖို့ မိန့်တော်မူလိုက်ပါတယ်။ အရှင်အာနန္ဒာက မာတုဂါမတစ်ယောက်ဆီ အလှူခံလိုက်ရာ အလှူရှင်က ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်း၊ မြေပဲ၊ အုန်းသီး၊ ဆန်၊ သစ်ကြားသီးတွေနဲ့စီရင်ထားတဲ့ ယာဂုဆွမ်းကိုကပ်လှူလိုက်ပါတယ်။ ဘုရားရှင်က ယာဂုဆွမ်းကို ဘုဉ်းပေးခဲ့ပြီး လေနာရောဂါသက်သာပျောက်ကင်းပါတော့တယ်။ ဒီကာလဟာ တပို့တွဲလဖြစ်ပြီး ယာဂုကို ချက်ပြုတ်ကပ်လှူရာကနေ ထမနဲပွဲရယ်လို့ပေါ်ပေါက်လာပါတယ်။ ကောက်ညှင်းထမင်းကို နယ်တာ ဒါမှမဟုတ် ကြေညက်အောင်ပြုလုပ်ရာကနေ "ထမနဲ့"ဆိုတဲ့စကားပေါ်ပေါက်လာပြီး ကာလကြာတဲ့အခါ "ထမနဲ"အဖြစ်ပြောင်းလဲလာကြောင်းလေ့လာသိရှိရပါတယ်။ နှမ်းလှော်နိုင်နိုင်ထည့်တာကြောင့်လဲ "နှမ်းမနဲ"လို့ ခေါ်ဆိုကြပါတယ်။ ထမနဲထိုးရာမှာ အချိန်အဆရှိပါတယ်။ ထမနဲထိုးတဲ့အခါ ထည့်ရမဲ့အချိုးအစားကို "စားတော်ရဆန်ပေါက်ဝါ၊ လေးပြည်သာထည့်မြဲ၊ ချိန်ပိဿာလျှံကြည်ရွှဲအောင်လို့၊ နှမ်းဆီလည်းထည့်ပြန်၊ မြေပဲဆန်အဌသုညငယ်နှင့်ဒွတ္တိသတိလဗိဇ်၊ အုန်းသီးစိတ်ကျပ်ဝီသံငယ်၊ လောနတံချိန်သတ်နှင့်၊ ချင်းနဖတ်သိင်္ဂီမျှင်ရွှေ၊ သုံးကျပ်မသွေ"ဟူ၍ လူးတားဆရာဦးအောင်ကြီးက တေးထပ်စပ်ဆိုခဲ့ပါတယ်။ အဓိပ္ပာယ်မှာ ပထမဦးစွာ ကောက်ညှင်းဆန်လေးပြည်ကို ရေစင်အောင် ဆေးထားရပါမယ်။ ပြီးနောက် ဆီတစ်ပိဿာကို ဒယ်အိုးထဲထည့်ပြီး ချင်းသုံးကျပ်သားနဲ့ ဆီသတ်ကာ ကောက်ညှင်းနှပ်ရပါမယ်။ ကောက်ညှင်းနှပ်လို့ဆီပြန်တဲ့ထိကြေအောင် ယောက်မနဲ့မွှေရပါမယ်။ ကြေမွသွားတဲ့ကောက်ညှင်းထဲကို မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်းလှော် ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သားနဲ့ဆား ခုနစ်ကျပ်သားတို့ကို နှံ့အောင်ထည့်ပြီး မွှေလိုက်တဲ့အခါ ထမနဲအဖြစ်ရရှိပါတော့တယ်။ ချင်း၊ ကောက်ညှင်း၊ နှမ်းဆီစတဲ့အပူဓာတ်အရာတွေနဲ့ ရောစပ်ထားတာက အေးချမ်းတဲ့ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေဖို့ဖြစ်တဲ့အတွက် မြန်မာ့ရိုးရာအစားအစာရဲ့ လိုက်လျောညီထွေမှုတစ်ခုပင်ဖြစ်ပါတော့တယ်။ ထမနဲမှာ စားလို့ကောင်းရုံသာမက ရက်ရှည်လဲအထားခံပါတယ်။ သွားမကောင်းတဲ့အဘိုး၊ အဘွားတွေလဲ တမြုံ့မြုံ့စားနိုင်ပါတယ်။

တပို့တွဲလရဲ့ဆောင်းနှင်းဝေတဲ့အချိန်မှာ ထမနဲထိုးပြိုင်ပွဲကိုဆင်နွှဲရတာ ပျော်ရွှင်ဖွယ်ရာကောင်းလှပါတယ်။ မီးဖိုမှာတည်ထားတဲ့ ဒယ်အိုးကြီးအနီးမှာ အားကောင်းမောင်းသန်ယောက်ျားနှစ်ယောက်ဟာ ထမနဲထိုးဖို့ရာ ယောက်မကြီးကိုကိုင်ပြီး အဆင်သင့်စောင့်နေပါတယ်။ သူတို့နှစ်ယောက်ကြားမှာ ရေကိုင်ယောက်ျားတစ်ယောက်က ဆောင့်ကြောင့်ထိုင်ပြီး ထမနဲထိုးဖို့အချက်ပေးလိုက်တဲ့အခါ ထမနဲထိုးတာကို စတင်လုပ်ဆောင်ပါတော့တယ်။ အနီးအနားရှိအိုးစည်ဝိုင်းကလဲ မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ကခုန်နေပါတယ်။ ရေကိုင်ဆရာက ထင်းမီးအလျှော့အတင်းပြုလုပ်ဖို့ဆော်ဩပေးပါတယ်။ ကောက်ညှင်းနူးနပ်ညီညာမှုရှိစေဖို့ ရေနဲ့တောက်ပေးပါတယ်။ ထမနဲထိုးသူရဲ့လက်အားစိုက်မှုအနေအထားကိုလဲ ပြောဆိုပေးပါတယ်။ ထမနဲကောင်းတစ်ဒယ်ဖြစ်စေဖို့ ရေကိုင်ဆရာဟာ အခရာကျလှပါတယ်။ ထမနဲထိုးပြီးတဲ့အခါ ဒိုင်လူကြီးတွေက ကောင်း၊ သင့်၊ ညံ့တို့ကိုရွေးချယ်ပြီး အဆင့်အလိုက် ဆုတွေချီးမြှင့်ပေးကြပါတယ်။

ထမနဲရရင် ဦးစွာဆွမ်းတော်ကပ်ပြီး ဘုန်းကြီးကျောင်းတွေကို ပို့ဆောင်ပြီးတဲ့အခါ စားပွဲဝိုင်းမှာ ပန်းကန်ထဲထည့်ကာ ဝိုင်းဖွဲ့စားကြပါတယ်။ တစ်အိမ်တက် တစ်အိမ်ဆင်းပေးဝေကြပါတယ်။ မနက်စောစော ထမနဲရနံ့သင်းပျံ့နေတာက အစာစားချင်စိတ်ကို နှိုးဆွပေးပါတယ်။

တပို့တွဲလမှာ ပေါက်ပင်နဲ့လက်ပံပင်တွေမှာ တစ်ပင်လုံးရဲရဲနီအောင်ပွင့်ဖူးကြပါတယ်။ လေအဝှေ့မှာ တဖွဲဖွဲကြွေကျတာကိုမြင်တွေ့ရတာက ကြည်နူးဖွယ်ကောင်းလှပါတယ်။ အသစ်ထွက်တဲ့လက်ပံရွက်စိမ်းနုနုနဲ့ အနီရောင်လက်ပံပွင့်တို့ယှဉ်တွဲတည်ရှိနေပုံမှာ ပန်းချီကားတစ်ချပ်ပမာ အလွန်လှပပါတယ်။ဒါကြောင့် စာဆိုရှင် မဟာဂီတဦးပြုံးချိုက "ပေါက်လဲရယ်တဲ့ပွင့်စီစီ၊ ဝတ်ပန်းသူရာရေကြောင့်၊ ဆက်ရက်တွေသံစုံကျူးတယ်၊ မြူးသည့်ရာသီ၊ ငွေသော်တာကြယ်မာယငယ်နှင့် ထွန်းလျှံပပြည့်ကာညီ၊ ပြာရီလဲ့မြူခိုး၊ ယာဂုပွဲကိုတဲ့၊ လှူမြဲအလွန်ရှင်လို့ ခုနစ်စဉ်တာရာလျှမ်းသည်နှင့် ဆူးပန်းတွေဝေဝေပွင့်ကြတယ်၊ ထူးတင့်မည်း"ဆိုကာ မဟာဂီတပေါင်းချုပ်မှာ စပ်ဆိုခဲ့ပါတယ်။

ဆောင်းဥတုမှာ ကုန်လွန်ခါနီးလို့အစွမ်းကုန် လက်စွမ်းပြတဲ့အလား ထင်မှတ်မှားရလောက်အောင် ချမ်းအေးလှပါတယ်။ တပို့တွဲလအေးမြပုံကို "ဆောင်းကာလအထွက်၊ ထွက်ခတ်ခတ်တယ်"လို့လဲပြောဆိုကြပါတယ်။ ဒ့ါပြင် "နှာရည်ယိုရွှဲတပို့တွဲ" ဆိုတဲ့စကားနှင့်အညီ ရာသီဥတုမှာအအေးပိုတာကြောင့် လူတွေမှာ အအေးမိနှာစေးတတ်ကြပါတယ်။

အချုပ်အနေနဲ့ဆိုရရင် တပို့တွဲလမှာ မြန်မာ့အစားအစာကို အမြတ်တနိုးတန်ဖိုးထားတဲ့ရိုးရာထမနဲပွဲကိုဆင်နွှဲကြပြီး မြတ်စွာဘုရားရှင်ကို ထင်းမီးနဲ့မီးပုံပွဲကျင်းပလှူဒါန်းကြပါတယ်။ ရာသီဥတုမှာအေးမြကြည်လင်ပြီး ပေါက်ပင်၊ လက်ပံပင်တို့ဖူးပွင့်ကြပါတယ်။ ဒ့ါပြင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးရဲ့ချစ်ကြည်စည်းလုံးမှုကို ပြသတဲ့ပြည်ထောင်စုနေ့ကျင်းပတာကြောင့် "ထူးမြတ်သာမြဲတပို့တွဲ" လို့တင်စားခေါ်ဆိုရေးသားလိုက်ရပါတော့တယ်။

**ကိုးကား**

– **ဓမ္မပိယဆရာတော် အရှင်သံဝရာလင်္ကာရ ရေးသားသော ဗုဒ္ဓဘာသာမြန်မာ့လေ့ ဆယ့်နှစ်လရာသီပွဲတော်များ၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလ**

# ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်ကျေးရွာ၌ ကုန်ထုတ်လမ်းရိစာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**


ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အောင်ချမ်းသိမ်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အောင်ချမ်းသိမ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းရိစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ အဆိုပါကုန်ထုတ်လမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အောင်ချမ်းသိမ်ကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံကျော်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းရိစာခင်းခြင်း၊ အရှည် ငါးပေသုံးလက်မ၊ အကျယ် ပေ ၂၀၊ အမြင့် ငါးပေသုံးလက်မရှိ Slab Culvert တစ်စင်းတည်ဆောက်ခြင်း၊ အချင်း နှစ်ပေ၊ အရှည် ပေ ၂၀ ရှိသော Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၁ ဒသမ ၇၆ သန်းဖြင့် မင်းသစ္စာလှိုင်ကုမ္ပဏီကတာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမှုကြောင့် အောင်ချမ်းသိမ်ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးမြေဧက ၂၅၀ ကျော်မှ ထွက်ရှိသည့် ထွက်ကုန်၊ ထုတ်ကုန်များကို ဈေးကွက်သို့ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ပြောပြ၍ သိရသည်။

**ရှိုလေး**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၅၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၅၂ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၂၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ကေ ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ကေ ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့ သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၀၅၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၆၃ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၂၄၀၉ ဧက စုစုပေါင်း ၄၅၂၄ ဧကဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၇၀၅ ဧက၊ဝန်းသိုမြို့နယ်တွင် ၃၁၄၅ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၁၃၀၂ ဧက စုစုပေါင်း ၆၁၅၂ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖဲမြို့နယ် ပင်ဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖဲ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ပင်ဦးကျေးရွာအုပ်စု ပင်ဦးကျေးရွာတွင် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၀ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပင်ဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၁ ဦးကို ငွေကျပ် ၂၂၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၁၀၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၈၄ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် သိန်း ၈၀ စုစုပေါင်း အသင်းဝင် ၂၁၅ ဦးကို ငွေကျပ် ၄၉၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စင်မာ**

# ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရ

**ဘိုကလေး ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ အများအပြား တင်ပို့ရောင်းချနေရကြောင်း ဘိုကလေးမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ကွမ်းသီးစိမ်းများကို ရန်ကုန်ဈေးကွက်က ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းနေပြီး အများအပြားတင်ပို့ ရောင်းချနေရကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းများ အလုံးရေ ၁၀၀၀ လျှင် ငွေကျပ် ၈၅၀၀၀ ရရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ထွက်ရှိတဲ့ ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေ



တဲ့အပြင် ဈေးကောင်းပါပေးဝယ်နေတာပါ။ ဘိုကလေးမြို့နယ်ကနေ ထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာ ကွမ်းသီးအစိမ်းတွေ အရင်ကထက်ရှားလာပါပြီ။ ဒါကြောင့် ကွမ်းသီးစိမ်းတွေက အဝယ်လိုက်နေတာဖြစ်ပါတယ်။ ကွမ်းသီးခြောက်ကအစိမ်းလောက် အရောင်းအဝယ်မဖြစ်ဘူး" ဟု ဘိုကလေးမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကွမ်းသီးပင်ကို ဖိုးဒီကွဲ၊ သာပေါင်း၊ စက်ဆန်း၊ ထော်ပိုင်၊ ကွမ်းသီးချောင်း၊ ပေချောင်း၊ နတ်ချောင်း၊ ကွမ်းသီးချောင်း၊ လျှောက်ချောင်း စသည့် ကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ဘန့်ဘွေးပင်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မင်းလှ ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ စဉ်ဆက်မပြတ် လွယ်ကူစွာရရှိစေရန် ရည်ရွယ်၍ ထောက်ကြန့်ကျေးရွာအုပ်စု ဘန့်ဘွေးပင်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်း ဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် အင်ဂျင်နီယာများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘန့်ဘွေးပင်ကျေးရွာ၌ ရေပိုက်လိုက်သွယ်တန်းထားရှိမှု၊ ရေမီတာတပ်ဆင်ထားရှိမှုနှင့် ရေရောက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသော ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ဘန့်ဘွေးပင်ကျေးရွာ၌ အရှည်ပေ ၃၀၆၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၇ ဒသမ ၇၃သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၁ ဒသမ ၄၄ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၉ ဒသမ ၁၇ သန်းဖြင့် ဇန်နဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

**သန်းသန်းမိုး**

# ဘားအံမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေတော-ကော့ပရံကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က ဆောင်ရွက်ပြီးလမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေတော-ကော့ပရံကျေးရွာချင်းဆက်လမ်းသည် အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံလမ်းဖြစ်ပြီး အဆိုပါလမ်းပေါ်တွင် အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေ တံတား တစ်စင်းနှင့် အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေ တံတားတစ်စင်းပါရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြု ရန်ပုံငွေကျပ် ၁၂၈ ဒသမ ၃၈ သန်းဖြင့် တင်ဒါအောင်မြင်သော ရောင်စဉ်ပွင့်သစ်ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

**ကိုသက်**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်

# ကဗျာအလှ၊ စာအလှ (၁)

**မန်းတင့်မော်**

ယခင်သီတင်းပတ်က သုံးကြောင်းကဗျာချစ်စရာ (၅) ဆောင်းပါးအဆုံးသတ်တွင် ဟိုတစ်စသည်တစ်စ ကဗျာတိုအလှဟူသောခေါင်းစဉ်ဖြင့် ကဗျာအကြောင်း ဆက်လက်ရေးသားမည်ဟု တင်ပြခဲ့ပါသည်။ သို့သော် မိတ်ဆွေ ကဗျာဆရာတစ်ဦးက ခေါင်းစဉ်ကိုမနှစ်သက်ကြောင်းဆိုလာသဖြင့် ခေါင်းစဉ်ကိုအထက်ပါအတိုင်း ပြောင်းလဲလိုက်ရကြောင်း အသိပေးအပ်ပါသည်။

ကဗျာအကြောင်းရေးသားရာတွင် စာပေပညာရှင်မဟုတ်သည့်အတွက် ကဗျာ၏ရသ၊ ဂုဏ်၊ အလင်္ကာများကို ဆစ်ပိုင်းအကဲဖြတ်ရန် မဝံ့ရဲပါ။ ကဗျာချစ်သူ၊ ကဗျာများ ကြိုးစားရေးဖွဲ့သူတစ်ဦးအနေဖြင့်သာ ကဗျာများကို ခံစားနားလည်သမျှ မျှဝေလိုရင်းသာဖြစ်ပါသည်။ အပြောကျယ်လှပါသော ကဗျာပင်လယ်ကို လက်ပစ်ကူးရန်မလွယ်ကူလှပါ။ မြန်မာကဗျာများတွင်လည်း ရေးဖွဲ့ပုံအမျိုးမျိုး တင်ပြပုံအထွေထွေရှိသကဲ့သို့ ကဗျာဖတ်သူ၊ ကဗျာမွေ့လျော်သူများတွင်လည်း ခံစားမှုအဖုံဖုံရှိနေနိုင်ပါသည်။ ကဗျာတွင် လေးနက်သော အကြောင်းအရာများ ပါရှိနေသကဲ့သို့ ကဗျာ၏နောက်ခံအချက်အလက်များကလည်း ကဗျာဖတ်သူများ ရုတ်တရက်ဖမ်းဆုပ်နိုင်စွမ်းမရှိတတ်ပေ။ ထို့ကြောင့်ပင် ကဗျာအကြောင်း ပြောကြမည်ဆိုလျှင် "ပုဂံရာဇဝင် တုတ်ထမ်းပြောရသည်"ဆိုသည်မျိုးလည်းဖြစ်နိုင်သည်။

လူတစ်ဦးနှင့်တစ်ဦး ကဗျာတစ်ပုဒ်အပေါ် ထားရှိသော သဘောတရား မတူနိုင်ပါ။ ခံစားမှုကွာဟ၍ ဖြစ်ပါသည်။ အကောင်းအဆိုးမြင်ပုံကလည်း ကွဲပြားနိုင်သည်။ ကဗျာတစ်ပုဒ်ကိုဖတ်ကြည့်လျှင် ကဗျာ၏ အလှကိုမြင်နိုင်သည်။ သာမန် ကဗျာမွေ့လျော်သူတစ်ဦး အနေဖြင့်သာ ကဗျာအလှ၊ စာအလှများကို တင်ပြချင်ပါသည်။ ယခင်တင်ပြခဲ့ပြီးသော ဆရာဒေါင်းနွယ်ဆွေ၏ ကဗျာအပိုင်းအစမှာ-

- ပင့်ကူအိမ်ဝယ်
  ကြောင်လိမ်လေ့ကား
  တပ်ဆင်ထားသည်
  ခြေဖျားထောက်၍ တက်ပါလော့။ ။

ဒေါင်းနွယ်ဆွေ

ဟူ၍ ဖြစ်ပါသည်။

ပင့်ကူအိမ်ဟူသည် ပင့်ကူ၏နှုတ်ထွက်အစေးများဖြင့် မနေမနားတည်ဆောက်ထားခြင်းဖြစ်သည်။ ပင့်ကူမျိုးစိတ်ပေါ်မူတည်၍ ပင့်ကူအိမ်များမှာ ကွဲပြားကြသည်။ အရွယ်အစား အကြီး၊ အလတ်၊ အသေး မျိုးစုံသည်။ တည်ဆောက်ထားသောပုံသဏ္ဌာန်များမှာလည်း မတူကြပေ။ အားလုံးတူညီသောအချက်မှာ ပင့်ကူအိမ်တိုင်း ဝက်ပါသဖွယ် ရှုပ်ထွေးနေခြင်းပင်။ သို့သော် သူကိုယ်တိုင်တည်ဆောက်ထားသော ပင့်ကူအိမ်၌ သွားလာရာတွင် ကျွမ်းကျွမ်းကျင်ကျင်သွားလာလှုပ်ရှားနိုင်ကြပေသည်။

ကဗျာဆရာက ပင့်ကူအိမ်ကို အမြင့်တွင်တည်ရှိစေသည်။ ပင့်ကူအိမ်၏အလယ်ဗဟိုကို ပန်းတိုင်ဟု ယူဆသော် ရကောင်းပါ၏။ ရှုပ်ထွေးပွေလီနေသော လူ့ဘဝလမ်းခရီးသည် ပင့်ကူအိမ်နှင့်ပမာပြုလျက် အခက်အခဲဟူသမျှကို ကျော်လွှားဖြတ်ကျော်ရန် နှိုးဆော်ထားသည်ဟုလည်း ဆိုနိုင်သည်။ ပင့်ကူအိမ်သို့တက်ရန် ကြောင်လိမ်လေ့ကားတပ်ဆင်ထားသည်ဟု ဆိုပြန်ပါသည်။ ရိုးရိုးလှေကားမဟုတ်။ ရိုးရိုးလှေကားက တစ်ထစ်ချင်း အဖြောင့်တက်သွားနိုင်သည်။ ကြောင်လိမ်လှေကားကမူ အဖြောင့်မဟုတ်။ အလိမ်အကောက်များဖြင့် တည်ဆောက်ထားရာ ကွေ့ကာပတ်ကာတက်ရပေလိမ့်မည်။ အဆင်းခက်ခက် အတက်ကြမ်းကြမ်းဟုဆိုကြပါစို့။

အမြင့်သို့ရောက်ရန် ခြေလှမ်းတစ်လှမ်းမှ စကြရသည်။ တောင်ကြီးဖဝါးအောက် လှိုင်းကြီးလှေအောက်ဟူသော မြန်မာစကားကလည်း အမြဲလက်ကိုင်ပြုရမည့် အချက်ဖြစ်သည်။ ကဗျာဆရာက "ခြေဖျားထောက်၍ တက်ပါလော့"ဟု တိုက်တွန်းပြန်သည်။ ခြေဖျားထောက်ခြင်းဟူသည် ကြံ့ဝါသောသဘော၊ မြောက်ကြွမြောက်ကြွဖြစ်နေသော အနေအထားမျိုးဟုလည်း အနက်ဖွင့်ကြသည်။ ကဗျာဆရာလိုချင်သော ခြေဖျားထောက်ခြင်းကမူ လုံ့လပြုသောသဘော၊ ကြံ့ခိုင်သောသဘော၊ မယိုင်မလဲသောသဘောဟု မှတ်ယူချင်ပါသည်။ ကဗျာဆရာဒေါင်းနွယ်ဆွေ၏ ကဗျာများစွာရှိနေသေးရာ ဖတ်ရှုခံစားရန် ရှိနေပါသေးသည်။

မြစ်ချောင်းတို့၏သဘောသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသည်။ ထို့အတူ ကွေ့ကောက်စွာစီးဆင်းလေ့လည်းရှိသည်။ မြစ်အညာပိုင်းက ကမ်းပြိုလျှင် မြစ်အောက်ပိုင်းတွင် သောင်ထွန်းလေ့ရှိသည်။ ထို့အတူ မြစ်အရှေ့ဘက်ကမ်းပြိုလျှင် အနောက်ဘက်တွင် သောင်ထွန်းသည်မှာ သဘာဝပင်။ ထို့အတူ လူတို့ စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရသည်။ သမုဒ္ဒရာဝမ်းတစ်ထွာဟု ဘိုးဘွားများကညွှန်းဆိုခဲ့ကြသည်။ ရေကြည်ရာမြက်နုရာ ရှာဖွေကြရသည်ဟုလည်း နှိုင်းလေ့ရှိကြသည်။ ယခုအခါ မိမိနိုင်ငံတွင်းသာမက နိုင်ငံတကာထိပါခြေဆန့်၍ အလုပ်လုပ်ကိုင်၍ ငွေရှာကြရပြီ။ အသိပညာနှင့်အတတ်ပညာတတ်သမျှ ထိုက်သင့်သောငွေကြေးပမာဏ ရရှိကြသည်။ အထွေထွေလုပ်သားအဖြစ် သွားရောက်လျှင် လုပ်အားနှင့်လုပ်သားအရင်းအမြစ် ဆုံးရှုံးရသည်။ ပညာရှင်များ သွားရောက်ပြီး အခြေချနေထိုင်ခဲ့သော် ဦးနှောက်ယိုစီးသည်ဟုဆိုကြသည်။

သစ်တောပြုန်းတီးလျှင် သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်ခြင်းမည်ပေသည်။ ကမ္ဘာပေါ်တွင် တစ်စက္ကန့်လျှင် သစ်တောဧရိယာ (ဘောလုံးကွင်း တစ်ကွင်းစာ)ပြုန်းတီးနေသည်ဟု ပညာရှင်များက ထောက်ပြကြသည်။ သစ်တောပြုန်းသကဲ့သို့ လူသားအရင်းအမြစ်ဆုံးရှုံးခြင်းကလည်း မနှိုင်းယှဉ်သာသော ဆုံးရှုံးမှုကြီးဖြစ်သည်။ သို့သော် အကြောင်းကြောင်းကြောင့် သစ်တောပမာ လူသားပြုန်းတီးခဲ့ကြောင်းကို ကဗျာဆရာ ရင်ငြိမ်းပွင့်(စလင်း)က အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသည်။

**ရွှေ့ပြောင်းလုပ်သား**

- သည်ဘက်ရွာကမ်းပြိုတိုင်း
  ဟိုဘက်ရွာသောင်ထွန်းတယ်
  လူဟာသစ်တောလို ပြုန်းတီးခဲ့ရ။ ။

ရင်ငြိမ်းပွင့်(စလင်း)

❖ ကဗျာတိုကဗျာစဟုဆိုသော်လည်း တိုသောကဗျာ သို့မဟုတ် ကဗျာ၏အပိုင်းအစများတွင် မြန်မာရနံ့များကို ရှူရှိုက်ရသည်များလည်း ရှိသည်။ မြန်မာဓလေ့ယဉ်ကျေးမှုတစ်စွန်းတစ်စကိုလည်း ထိတွေ့နိုင်ပါသည်။ လူ့လောကတစ်ခုလုံးကို ခြုံငုံနိုင်သောသဘောလည်း ရှိနိုင်သည်။ လူ့သဘော၊ လူ့သဘာဝ၊ လူ့စရိုက်အားလုံးလည်း ပါနိုင်ပါသေးသည်။ မြန်မာဂန္ထဝင်ကဗျာ အမျိုးအစားများစွာရှိသည့်အနက် "သံပေါက်" အမျိုးအစားကလည်း တစ်ခုပါဝင်သည်။ တိုတိုနှင့်လိုရင်းရောက်အောင် ရေးဖွဲ့ရသဖြင့် လွယ်ကူစွာရေးဖွဲ့နိုင်သည်မဟုတ်ပါ။ ရှုတ်ဆို၍ အသံသာရမည်လည်းဖြစ်ပါသည်။ ❖

ကဗျာအကြောင်းဆက်ရလျှင် ခေတ်ပေါ်ကဗျာ၊ မော်ဒန်ကဗျာ၊ ပို့(စ)မော်ဒန်ကဗျာဟူ၍ ကဗျာအမျိုးအစားများရှိပါသည်။ ထပ်မံချဲ့ထွင်ထားသော ကဗျာမျိုးများလည်းရှိသေးသည်။ အထက်ပါကဗျာက ကာရန်ကိုအလေးမထား၊ အကြောင်းအရာနှင့် အတွေးအမြင် (ဒဿန)အပိုင်းကို အဓိကထားသည်ဟုဆိုနိုင်သည်။ ကဗျာဆရာ ရင်ငြိမ်းပွင့်(စလင်း)၏ ကဗျာများကို စာနယ်ဇင်းများစွာတွင် ဖော်ပြပါရှိခဲ့ပြီး ဖတ်ရှုခဲ့ဖူးပါသည်။ အရေးထက်အတွေးကို ဦးစားပေးသည်ဟုမြင်မိပါသည်။ ပုံနှိပ်စာအုပ်ရှားပါးသော ယခုအခါတွင် တယ်လီဖုန်းဖန်သားပြင်ပေါ်၌ သူ့ကဗျာများကိုတွေ့ရသည်။ အဟောင်းရော အသစ်ပါ ဖတ်ရသဖြင့် ကဗျာချစ်သူအနေဖြင့် မုဒိတာပွားမိပါသည်။ ထွက်ပေါ်လာသည့် မဂ္ဂဇင်းတစ်အုပ်တွင်လည်း သူ၏ဝတ္ထုတိုများကို ဆက်တိုက်ဆိုသလိုတွေ့လာရသည်။ ဖော်ပြခဲ့သော ကဗျာမှာ အတွေးပွားဖွယ်ကဗျာတစ်ပုဒ်ဖြစ်ပြီး အငြင်းပွားလိုကလည်း ပွားနိုင်ရန် လမ်းဖွင့်ပေးသော ကဗျာတစ်ပုဒ်ဟုလည်း ဆိုချင်ပါသည်။

ဂန္ထဝင်ကဗျာများကိုသာ ခံတွင်းတွေ့တတ်ကြသော ကဗျာပရိသတ်က သီးခြားရှိပါသည်။ အဟောင်းကို ဖက်တွယ်နေကြသူများဟု စကားတင်ဆိုကြသည်မျိုးလည်းရှိသည်။ ဂန္ထဝင်ကဗျာများကို နှစ်ခြိုက်သူများမှာ လူကြီးများသာမဟုတ်။ အချို့သောလူငယ်လေးများ ရေးဖွဲ့ကြသော ကဗျာများကိုလည်း စဉ်ဆက်မပြတ် ဆိုသလို ဖတ်ရှုရပါသည်။ အွန်လိုင်းကဗျာများဟုဆိုနိုင်သည်။ အချို့သောကဗျာချစ်သူ လူငယ်များကလည်း ဂန္ထဝင်ကဗျာများကို ရှာဖွေစုဆောင်းတတ်ကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရပါသေးသည်။ ကဗျာဆရာကြီးများထံမှ အကြံဉာဏ်ရယူတောင်းခံကြသည်များကိုလည်း ကြားသိရပါသည်။

ကဗျာတိုကဗျာစဟုဆိုသော်လည်း တိုသောကဗျာ သို့မဟုတ် ကဗျာ၏ အပိုင်းအစများတွင် မြန်မာရနံ့များကို ရှူရှိုက်ရသည်များလည်းရှိသည်။ မြန်မာဓလေ့ယဉ်ကျေးမှုတစ်စွန်းတစ်စကိုလည်း ထိတွေ့နိုင်ပါသည်။ လူ့လောကတစ်ခုလုံးကို ခြုံငုံနိုင်သောသဘောလည်း ရှိနိုင်သည်။ လူ့သဘော၊ လူ့သဘာဝ၊ လူ့စရိုက်အားလုံးလည်း ပါနိုင်ပါသေးသည်။ မြန်မာဂန္ထဝင်ကဗျာအမျိုးအစားများစွာရှိသည့်အနက် "သံပေါက်"အမျိုးအစားကလည်း တစ်ခုပါဝင်သည်။ တိုတိုနှင့်လိုရင်းရောက်အောင် ရေးဖွဲ့ရသဖြင့် လွယ်ကူစွာရေးဖွဲ့နိုင်သည်မဟုတ်ပါ။ ရွတ်ဆို၍ အသံသာရမည်လည်းဖြစ်ပါသည်။

ရှေးမြန်မာရာသီဖွဲ့များတွင် ဆယ့်နှစ်လရာသီကို လအလိုက်ဖွဲ့ဆိုလေ့ရှိကြသည်။ မြန်မာလတစ်လ၏ ရာသီအမှတ်အသားပါရသည်။ ထိုလတွင်ထွန်းသော နက္ခတ်တာရာ(ကြယ်)လည်း ဖော်ပြရသည်။ ပွင့်သော ပန်းများကိုလည်း မကျန်ခဲ့စေရ။ ကျင်းပသည့်ပွဲလမ်းသဘင်ကိုလည်း မှတ်တမ်းတင်ရသည်။ အမှတ်လက္ခဏာ အစုံအလင်ကို စာသားကျစ်ကျစ်လျစ်လျစ် ဖွဲ့ဆိုရသည်။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်ခန့်ကဟု မှတ်တမ်းပြုထားသော ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်လရာသီကို ဖွဲ့ဆိုထားသည့် တပို့တွဲလဖွဲ့သံပေါက်မှာ-

"တပို့တွဲလ
ကုံသို့ကျ၊
မာယထွန်းစမြဲ။
ပေါက်လဲပွင့်ကုံ၊
ဆူးပန်းငုံ၊
မီးပုံယာဂုပွဲ။ ။ဟူ၍ ဖြစ်ပါသည်။

တပို့တွဲလ၏ရာသီမှာ ကုံရာသီဟုသိရသည်။ မာယကြယ်တာရာထွန်းသည်။ ပေါက်လဲဟုဆိုရာတွင် ပေါက်ပင်နှင့်လက်ပံပင်ကိုဆိုလိုပါသည်။ အညာ၏သရုပ်ကိုပီပြင်စေသော လက်ပံပင်နှင့်ပေါက်ပင်တို့ကလည်း တစ်ပင်လုံးရဲရဲနီအောင် ပွင့်ချိန်လည်းဖြစ်သည်။ ဆူးပန်းငုံကိုမူ ဆက်လက်၍ ရှာဖွေရပါဦးမည်။ မည်သည့်ပန်းကိုဆိုလိုကြောင်း မသိရသေးပါ။ မီးပုံဟူသည်မှာ ဘုရားရှင်အားနံ့သာမီးပူဇော်သည့်ပွဲဟုယူဆနိုင်သည်။ ယခုထက်တိုင် မန္တလေးမဟာမုနိရုပ်ရှင်တော်ကို နှစ်စဉ် နံ့သာမီးပူဇော်ပွဲကို ကျင်းပလေ့ရှိသည်။ ယာဂုပွဲသည် ထမနဲပွဲကိုဆိုလိုသည်ဟု မှတ်ယူချင်ပါသည်။ ထမနဲပွဲကမူ နှစ်စဉ် မြန်မာတစ်နိုင်ငံလုံး ကျင်းပနေဆဲပင်။

မြန်မာကဗျာများ၏ အလှတရားများမှာ ရှုမြင်မဆုံး သုံးသပ်မကုန်၊ လေ့လာမခန်းဟု ဆိုနိုင်ပေရာ ဆက်လက်၍လည်း ရှုမြင်ခံစားနေကြရဦးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**၁။ ကဗျာယဉ် စာယဉ် လက်ရွေးစင်(ကျောင်းသုံး-၁၉၆၀)**

## ညောင်လေးပင်မြို့နယ် ဆင်ကူးကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှုစစ်ဆေး

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ကူးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆင်ကူးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပံ့ငွေ၊ ကျေးရွာပြည်သူများ၏ငွေအား၊ လုပ်အား ထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ဆင်ကူးကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ၊ ကျေးရွာနေပြည်သူထည့်ငွေကျပ် ၄၈ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၈ ဒသမ ၅ သိန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အဓိက ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမဲ့ လီဗာပူးအသင်း၊ အေစီမီလန်အသင်းနဲ့ ဆီဗီလာအသင်းတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညမှာတော့ ကွာရာဘောင်းဖလားဗိုလ်လုပွဲစဉ်အပါအဝင် အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေများနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေရှိခဲ့ပေမဲ့ အဲဒီထဲက ဒဏ်ရာရ၊ ပွဲပယ်ကစားသမားနည်းပြီး အရန်ကစားသမားအင်အားတောင့်တင်းတဲ့အသင်းတွေကို ဦးစားပေးချဉ်းကပ်သွားမှာပါ။ ဒါကြောင့် လာမဲ့ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်ပြီး အဓိကကစားသမားအစုံအလင်နဲ့ ပွဲထွက်နိုင်မဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

**လီဗာပူးအသင်း အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ကွာရာဘောင်းဖလားဗိုလ်လုပွဲစဉ်မှာ ချဲလ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကို တွေ့ရမှာပါ။ ချဲလ်ဆီးအသင်းဟာ အခုရာသီမှာ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပေမဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၄ ရက်မှာကစားခဲ့တဲ့ အေဗီလာအသင်းနဲ့ပွဲစဉ်မှာ သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက်ပိုင်း ကစားပုံတိုးတက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်နောက်ပိုင်းမှာတော့ ပဲလေ့စ်ကို သုံးဂိုးတစ်ဂိုး၊ မန်စီးတီးအသင်းကို တစ်ဂိုးစီ သရေကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးဇယားမှာတော့ ရမှတ် ၃၅ မှတ်သာရရှိခဲ့ပြီး အဆင့်(၁၀) မှာ ရပ်တည်နေလို့ ဥရောပဝင်ခွင့်မျှော်လင့်ချက်နည်းပါးနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုဗိုလ်လုပွဲစဉ်မှာ ဆုဖလားရယူနိုင်မယ်ဆိုရင်တော့ ဥရောပဝင်ခွင့်ရမှာဖြစ်လို့ အနိုင်ရဖို့ အစွမ်းကုန်ပြင်ဆင်လာမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုပွဲစဉ်မှာတော့ အဓိကခံစစ်ကစားသမားတွေအပါအဝင် ကစားသမားကိုးယောက်ထိ ဒဏ်ရာရရှိနေတာက အသင်းရဲ့ကစားအားကို ကျဆင်းစေနိုင်တဲ့ အဓိကအချက်ဖြစ်တာကြောင့် လီဗာပူးကိုအနိုင်ရဖို့အတွက် အခက်တွေ့မှာသေချာပါတယ်။

လီဗာပူးအသင်းဟာ အခုနှစ်မှာ ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ပြန်လည်ဖြည့်ဆည်းခဲ့တာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ အုပ်စုပထမနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့သလို အက်ဖ်အေဖလားပြိုင်ပွဲမှာလဲ ပဥ္စမအဆင့်ထိတက်ရောက်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲမှာ အဆင့်(၁) မှာ ရပ်တည်နေသလို ကွာရာဘောင်းပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲထိတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ လီဗာပူးဟာ လက်စတာ၊ ဘုန်းမောက်၊ ဝက်စ်ဟမ်း၊ ဖူလ်ဟမ် တို့ကိုကျော်ဖြတ်ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သလို ခြေစွမ်းပိုင်းကလဲ အဓိကကစားသမားတွေ ဒဏ်ရာရခဲ့ပေမဲ့ နည်းပြကလော့ပ်ရဲ့နည်းစနစ်ပိုင်းကောင်းမွန်မှုကြောင့် လူငယ်ကစားသမားတွေက အသင်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ပြီး ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကွာရာဘောင်းဖလားသမိုင်းမှာ ၁၃ ကြိမ်ဗိုလ်လုပွဲရောက်ခဲ့ပြီး ကိုးကြိမ်ထိဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အာနီး၊ ဆိုဘော့ဇလိုင်၊ အယ်လစ်ဆန်တို့အပါအဝင် ကစားသမား ၁၁ ယောက်ထိ လွဲချော်မှာဖြစ်ပေမဲ့ နည်းပြကလော့ပ်ဟာ ဖလားပြိုင်ပွဲအတွေ့အကြုံကောင်းတွေရှိတာကြောင့် နည်းပြပိုချက်တီနိုရဲ့ ချဲလ်ဆီးအသင်းကို ရင်ဆိုင်ဖို့ခက်မယ်မထင်ပါဘူး။ ဒ့ါပြင် ကြားရက်က အမှတ်ပေးပွဲမှာ ဆာလာဟ်ကို အနားပေးသွားတာကလဲ အခုပွဲအတွက် အနားပေးခဲ့တာဖြစ်လို့ ချဲလ်ဆီးခံစစ်ကို ပွဲချိန်ပြည့်ဖိအားပေးဖို့ပြင်ဆင်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် လက်ရှိ ခြေစွမ်းပိုင်းနဲ့ထိပ်တိုက်တွေ့ဆုံမှုတွေမှာ သာလွန်နေတဲ့ လီဗာပူးအသင်းပဲ အနိုင်ရမှာပါ။

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၄ | ဝုဗ် |
| အေဗီလာ | ၁ | - | ၃ | ချဲလ်ဆီး |
| ပဲလေ့စ် | ၁ | - | ၃ | ချဲလ်ဆီး |
| မန်စီးတီး | ၁ | - | ၁ | ချဲလ်ဆီး |

**လီဗာပူးအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၁ | ချဲလ်ဆီး |
| အာဆင်နယ် | ၃ | - | ၁ | လီဗာပူး |
| လီဗာပူး | ၃ | - | ၁ | ဘန်လေ |
| ဘရန့်ဖို့ဒ် | ၁ | - | ၄ | လီဗာပူး |
| လီဗာပူး | ၄ | - | ၁ | လူတန် |

**အေစီမီလန်အသင်းကို လက်တွဲရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အေစီမီလန်နဲ့ အတ္တလန်တာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်ဟာ နောက်ဆုံးပွဲစဉ်မှာ မွန်ဇာကို မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးခဲ့တာကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ အခွင့်အရေးနည်းသွားခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ကစားသမားဖြည့်တင်းမှုတွေ အများအပြားလုပ်ခဲ့တာကြောင့် တိုက်စစ်ပိုင်းတိုးတက်လာခဲ့ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်ကိုတော့ မပြင်နိုင်သေးဘဲဖြစ်နေပါတယ်။ အမှတ်ပေးပွဲ ၂၅ ပွဲအပြီးမှာ ရမှတ် ၅၂ မှတ်ရခဲ့တာကြောင့် အဆင့်(၃) မှာရောက်နေပေမဲ့ အဆင့်(၁)က အင်တာမီလန်နဲ့ ကိုးမှတ်ထိကွာဟခဲ့တာကိုတွေ့ရမှာပါ။ အေစီမီလန်ဟာ အခုရာသီမှာ အတ္တလန်တာနဲ့ နှစ်ကြိမ်တွေ့ခဲ့ရာမှာ နှစ်ကြိမ်စလုံးရှုံးခဲ့တာကြောင့် နည်းပြပိုင်အိုလီအနေနဲ့ အတ္တလန်တာကိုအနိုင်ရဖို့ နည်းစနစ်ပိုင်းပြောင်းလဲလာမှာသေချာပါတယ်။

အတ္တလန်တာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံကိုးပွဲဆက်နိုင်ပွဲဆက်နေပြီး ခြေစွမ်းပိုင်းထက်မြက်နေတာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးပွဲ ၂၄ ပွဲအပြီးမှာတော့ ၁၄ ပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၄၅ မှတ်ထိရခဲ့လို့ အဆင့်(၄) မှာရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၅)က ဘိုလော့နာနဲ့ ရမှတ်တူနေသလို အဆင့်(၆) က ရိုးမားနဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့မရတဲ့အခြေအနေဖြစ်နေပါတယ်။ အတ္တလန်တာဟာ အိမ်ကွင်းကောင်းတဲ့အသင်းထဲပါပေမဲ့ အဝေးကွင်းမှာတော့ ၁၁ ပွဲကစားပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ ခံစစ်ကပေးဂိုး ၁၅ ဂိုးထိရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းနည်းပြကတော့ ၃-၅-၂ ကစားကွက်နဲ့ တိုက်စစ်အသားပေးကစားတာကြောင့် ဒုတိယပိုင်းမိနစ် ၈၀ နောက်ပိုင်းမှာ အသင်းအနေနဲ့ ဂိုးတွေပိုသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အေစီမီလန်ဟာ အိမ်ကွင်းအားသာချက်နဲ့ စုဖွဲ့မှုကောင်းနေတာကြောင့် အတ္တလန်တာတိုက်စစ်ဖွင့်ကစားရင် အေစီမီလန်ရဲ့ အမြင့်ဘောတွေကို ထိန်းချုပ်ရခက်ပြီး ပေးဂိုးများသွားနိုင်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ အေစီမီလန်အသင်းကို လက်တွဲရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၂ | - | ၂ | ဘိုလော့နာ |
| ဖရိုစီဝမ်း | ၂ | - | ၃ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၀ | နာပိုလီ |
| အေစီမီလန် | ၃ | - | ၀ | ရင်းနက် |
| မွန်ဇာ | ၄ | - | ၂ | အေစီမီလန် |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၅ | - | ၀ | ဖရိုစီဝမ်း |
| အတ္တလန်တာ | ၂ | - | ၀ | အူဒီးနီးစ် |
| အတ္တလန်တာ | ၃ | - | ၁ | လာဇီယို |
| ဂျီနိုအာ | ၁ | - | ၄ | အတ္တလန်တာ |
| အတ္တလန်တာ | ၃ | - | ၀ | ဆက်ဆူအိုလို |

**ဆီဗီလာအသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ရီးရဲလ်မက်ဒရစ်နဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်ဟာ အခုရာသီမှာ ပုံစံကောင်းရရှိနေတာကြောင့် အမှတ်ပေးပွဲမှာ ရမှတ် ၆၂ မှတ်နဲ့ ထိပ်ဆုံးမှာရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲမှာ အေတီကိုတစ်သင်းတည်းပဲရှုံးထားတာကြောင့် အသင်းတိုင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်စွမ်းရှိပေမဲ့ တိုက်စစ်က ဗင်နီစီးယက်စ်နဲ့ ရိုဒရီဂိုတို့အတွဲ ဂိုးမသွင်းနိုင်ရင်တော့ ဆီဗီလာကိုလဲ နိုင်ပွဲရဖို့ခက်အုံးမှာပါ။ ပထမအကျော့တွေ့ဆုံမှုမှာလဲ ဆီဗီလာက အိမ်ကွင်းကနေ တန်ပြန်တိုက်စစ်နဲ့ ဖိအားပေးကစားနိုင်ခဲ့ပြီး သရေတစ်မှတ်ခွဲယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

ဆီဗီလာအသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ကြိုးပမ်းနေရတဲ့အသင်းဖြစ်ပြီး နည်းပြအပြောင်းအလဲသုံးကြိမ်ထိ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိနည်းပြလက်ထက်မှာတော့ အသင်းလိုက်ကစားအားကောင်းလာတာကြောင့် နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထိရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ တန်းဆင်းဇုန်ဖိအားကနေလွတ်မြောက်လာခဲ့ပြီး ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၁၅) ထိတက်ရောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အဓိက ကစားသမားကိုးယောက်ထိ ဒဏ်ရာရနေတာကြောင့် အရန်ကစားသမားစုဖွဲ့မှုအားနည်းချက်ရှိပေမဲ့ အဓိက ပွဲထွက်ခွင့်ရတဲ့ကစားသမားတွေက ကြံ့ခိုင်မှုအားကောင်းတဲ့ကစားသမားတွေဖြစ်သလို တိုက်စစ်က အန်ညက်ဆီရီနဲ့ ရှိမဲရီးတို့ကလဲ အကောင်းဆုံးတွဲဖက်ကစားနိုင်ခဲ့တာကြောင့် အသင်းရလဒ်ပိုင်းကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ လက်ရှိ ဆီဗီလာရဲ့ ပွဲထွက်လူစာရင်းဟာ ရီးရဲလ်မက်ဒရစ်ကိုယှဉ်ဖို့ အခက်အခဲမရှိပေမဲ့ တိုက်စစ်ဖွင့်ကစားရင်တော့ ဗင်နီစီးယက်စ်၊ ရိုဒရီဂိုတို့ရဲ့မြန်နှုန်းကို ထိန်းချုပ်ဖို့မဖြစ်နိုင်ဘဲ ပေးဂိုးများသွားမှာပါ။ ဒါကြောင့် သူတို့နည်းပြအနေနဲ့ ရီးရဲလ်မက်ဒရစ်ဆီက ရမှတ်ခွဲယူဖို့သာ ပြင်ဆင်လာမှာသေချာပြီး တန်ပြန်တိုက်စစ်ကနေ ပြန်လည်ဖိအားပေးသွားနိုင်ပါတယ်။ လက်ရှိ အကျောပေးမှုက ရီးရဲလ်မက်ဒရစ်က တစ်ဂိုးနဲ့နိုင်ရင် အပြည့်ရှုံးနိုင်မဲ့အကျောပေးမှုက ဆီဗီလာကိုဂိုးပြတ်နိုင်မယ်လို့ ယူဆထားပေမဲ့ ရီးရဲလ်မက်ဒရစ် တိုက်စစ်ကစားပုံကျဆင်းနေတာကြောင့် ဂိုးပြတ်မရှုံးနိုင်မဲ့ ဆီဗီလာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၁ | အေတီကို |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | ဂျီရိုနာ |
| လိုက်ပ်ဇစ် | ၀ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဗယ်လ်ကာနို | ၁ | - | ၁ | ရီးရဲလ်မက်ဒရစ် |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၁ | အိုဆာဆူနာ |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၀ | အေတီကို |
| ဗလင်စီယာ | ၀ | - | ၀ | ဆီဗီလာ |

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။





ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်





ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်





ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ပလင်းတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




## ရန်ကုန်တိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခုနှင့် ဖက်စပ်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ခွင့်ပြုခဲ့



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခုနှင့် ဖက်စပ်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းများက ပြည်တွင်းလုပ်သား ၉၄ ဦးကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

အဆိုပါ လုပ်ငန်းသစ်လေးခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် ငွေကျပ် ၉၁၅၁ ဒသမ ၈ သန်းနှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၀၄ သန်းရှိကြောင်း၊ ၎င်းလုပ်ငန်းများတွင် ပြည်တွင်းလုပ်သား ၉၄ ဦး အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၁ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး(၂/၂၀၂၄)ကနေ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခုနဲ့ ဖက်စပ်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ ခွင့်ပြုပေးတဲ့ လုပ်ငန်းတွေကတော့ ဟိုတယ်ဝန်ဆောင်မှုကဏ္ဍမှာ ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခု၊ စက်မှုကဏ္ဍမှာ ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနဲ့ ဖက်စပ်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားအနေနဲ့ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ၁၀၀ ရာခိုင်နှုန်း ပြည်တွင်းမှာရောင်းချမဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်ရောင်းချတဲ့လုပ်ငန်း၊ ဆန်အမျိုးမျိုး ကြိတ်ခွဲတင်ပို့ရောင်းချတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြသည်။

အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့လည်းရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ASH

## နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဈေးသာကျေးရွာအုပ်စု ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများသည် ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ငွေစာရင်းပြည့်သွင်းထားမှု ရှိ၊ မရှိ၊ စာရင်းဇယားထိန်းသိမ်းမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဈေးသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၆ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၃၅ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ငွေကျပ် ၅၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သူသူ(နတ်မောက်)**


စာအုပ်စာပေ လူ့မိတ်ဆွေ








## ဦးသိန်းတန်
## အသက်(၉၆)နှစ်

မန္တလေးမြို့၊ ရွှေကျောင်တိုက်မကြီး ဦးဇောတိက ၏အစ်ကို၊ ၂၆ ဘီလမ်း၊ ပွဲကုန်းလမ်းမတန်းနေ ဦးခို+ဒေါ်စိမ့်ညို တို့၏သား၊ ဝန်းမော်မြို့၊ ညောင်ပင်ရပ်မြောက်ပိုင်း၊ ဦးကြည်+ဒေါ်တင်ညွန့်တို့၏ သားသမက်၊ ဦးကျော်ညိမ်း+ဒေါ်အေးမြင့်၊ ဦးလှမောင်သိန်း+ဒေါ်ကြည်ကြည်၊ ဦးကောင်းညွန့်၊ ဒေါ်ငွေငွေအေး၊ ဦးခင်မောင်ကြည်+ဒေါ်သန်းသန်းအေး တို့၏အစ်ကိုကြီး၊ ကိုမောင်သန်းနိုင်+မစီစီလှ တို့၏ဘကြီး၊ ကိုသန့်ဇော်+မသိန်းသိန်းမော် တို့၏ဖခင်၊ မအေးသီတာ၊ မငွန်ငြိမ်းအေး၊ မချမ်းမြေ့သန်းနိုင်ဦး၊ မောင်ရဲဝင့်ဖြိုး၊ မပိုးဉခင်၊ မောင်လွင်သန့်မောင်၊ မနှင်းသန့်သော်တာ တို့၏အဘိုး၊ ဒေါ်မေညွန့်ကြည်(အ. ထ. က(၈)(ငြိမ်း))၏ချစ်လှစွာသောခင်ပွန်း **ဦးသိန်းတန် အသက် (၉၆)နှစ် (အောင်စကြာ-သကြားရောင်းဝယ်ရေး)** သည် ၁၃၈၅ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ ၂၃-၂-၂၀၂၄ (သောကြာနေ့)၊ နံနက် (၈း၄၃)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၈၅ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်၊ ၂၄-၂-၂၀၂၄(စနေနေ့)၊ မွန်းလွဲ(၁း၀၀)နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ဗိုင်းရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် **"အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု"** ဖြစ်သည့်အတွက် စနစ်တကျ ပြုစုထိန်းသိမ်းရန် အလွန်အရေးကြီး...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားမှ အမှာစကားကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း လေ့ကျင့်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၅)မှ ဒုတိယနှစ် ရေကြောင်းအရာရှိလောင်းဦးရေ ၉၀ နှင့် ဒုတိယနှစ် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ဦးရေ ၈၀၊ ဒုတိယနှစ် ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ကိုးဦး၊ အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၆)မှ ပထမနှစ် ရေကြောင်းအရာရှိလောင်း ၁၂၀ ဦးနှင့် ပထမနှစ် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၁၂၃ ဦး၊ ပထမနှစ် ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ၃၈ ဦး စုစုပေါင်းအရာရှိလောင်း ၄၆၀ ဦးနှင့်နည်းပြများ၊အုပ်ချုပ်မှုအဖွဲ့ဝင်ဦးရေ ၂၀ တို့သည် တပ်မတော်စစ်ရေယာဉ်(ချင်းတွင်း)ဖြင့် ရန်ကုန်-ကိုကိုးကျွန်း-ဟိုင်းကြီးကျွန်း-ရန်ကုန်ခရီးစဉ်အတိုင်း ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ရက်ထိ ခြောက်ရက်တာကာလအတွင်း **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

**Mashala Tech Co., Ltd အမည်ရှိ Online ချေးငွေလုပ်ငန်းဖြင့် အများပြည်သူများထံမှ ကုပ်သွေးစုပ်ငွေကြေးအမြတ်ထုတ် လိမ်လည်လုပ်ကိုင်နေသည့်အဖွဲ့ကို ဖမ်းဆီးရမိ** စာမျက်နှာ - ၂၁

**တရားမဝင် Online လောင်းကစားဂိမ်းများနှင့် ငွေကြေးလိမ်လည်မှုများပြုလုပ်နေသည့် ထိုင်းနိုင်ငံသူ၊နိုင်ငံသား ၁၄၈ ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသူ၊နိုင်ငံသားဦးရေ ၅၄၀ စုစုပေါင်း ၆၈၉ ဦးတို့ကို ဖမ်းဆီးရမိ** စာမျက်နှာ - ၂၀

